# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၁၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့အခြေစိုက် တရုတ်သံရုံးက ဦးစီးကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်သစ်ကူးအထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ကမ္ဘာအေးဘုရားလမ်းရှိ အင်းလျားလိတ်ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး တက်ရောက်ချီးမြှင့်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑


**ယနေ့ ဖတ်စရာ**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ ထုတ်ပြန်ကြေညာ** — ပြည်တွင်းသတင်း — စာ ၃

**စွမ်းရည်ထက်မြက်ကာကွယ်လျက်ပေ တပ်မတော်(ရေ)** — ဆောင်းပါး — စာ ၆

**ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (ဒေါ်နယ်ထရမ့်၏ ဂရင်းလန် အိပ်မက်)** — ဆောင်းပါး — စာ ၁၀





# အသက်ရှည်ခြင်း ချမ်းသာခြင်းနှင့် ကံကောင်းခြင်းတို့ ယူဆောင်လာမည့်မြွေနှစ်

မကြာမီရောက်ရှိတော့မည့် ဇန်နဝါရီ ၂၉ ရက်နေ့သည် တရုတ်ရိုးရာပြက္ခဒိန်အရ နဂါးနှစ်မှမြွေနှစ်သို့ ကူးပြောင်းသည့် တရုတ်နှစ်သစ်ကူးနေ့ဖြစ်ပြီး ယခုနှစ်မှစတင်ကာ တရားဝင်သတ်မှတ်လိုက်ပြီဖြစ်သည့် အစိုးရရုံးပိတ်ရက်လည်းဖြစ်သည်။ ထို့အပြင် ၂၀၂၅ ခုနှစ်သည် တရုတ်နှင့်မြန်မာတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စိန်ရတုကာလကျရောက်သည့်နှစ်ပင်ဖြစ်သည်။ နှစ်နိုင်ငံနယ်နိမိတ်ချင်းထိစပ်မှု ကီလိုမီတာနှစ်ထောင်ကျော်ရှည်လျားသကဲ့သို့ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုလည်း နှစ်ပေါင်းထောင်ချီ ကြာမြင့်နေပြီဖြစ်သည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးသောအိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်သကဲ့သို့ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အရေးကြီးသည့်နိုင်ငံလည်းဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်ကာလ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်မူဝါဒကိုချမှတ်၍ တရုတ်ခေါင်းဆောင် အဆက်ဆက်တို့ကဦးဆောင်ကာ ကြီးမြတ်သည့်ပြန်လည်ဆန်းသစ်ရေး တရုတ်အိပ်မက်ကို အကောင်အထည်ဖော်ခဲ့ကြရာ တရုတ်ကွန်မြူနစ်ပါတီထူထောင်သည့် နှစ် ၁၀၀ ပြည့်ဖြစ်သော ၂၀၂၁ ခုနှစ်တွင် အတန်အသင့် ချမ်းသာကြွယ်ဝသည့် လူမှုအဖွဲ့အစည်းကို ဘက်စုံတည်ဆောက်နိုင်ခဲ့ပြီဖြစ်ပြီး တရုတ်ပြည်သစ် ထူထောင်သည့် နှစ် ၁၀၀ ကာလဖြစ်သော ၂၀၄၉ ခုနှစ် ရောက်ရှိချိန်တွင် ပြည့်စုံကြွယ်ဝပြီး ခိုင်မာတောင့်တင်းသည့် ဒီမိုကရေစီယဉ်ကျေးမှုနှင့်လည်း သဟဇာတဖြစ်သည့် ခေတ်မီဆိုရှယ်လစ်နိုင်ငံကြီးဖြစ်လာစေရန် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်မှု (Peaceful Development) ဖြစ်ကြောင်း တရုတ်ခေါင်းဆောင်များက တရားဝင်ထုတ်ဖော်ပြောကြားထားပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြှင့်တင်လျက်ရှိရာ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်ဦးနှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားရန် အလားအလာအများအပြားရှိနေသည်။

ယခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်သစ်ကူးအထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်ချီးမြှင့်ပြီး နှစ်သစ်ကူးအထိမ်းအမှတ် နှုတ်ခွန်းဆက်စကားကို ချစ်ကြည်ရင်းနှီးစွာပြောကြားခဲ့ရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် အကူအညီများ ပေးအပ်လျက်ရှိပြီး ဒေသတွင်းသာမက နိုင်ငံတကာအသိုက်အဝန်းကပါ တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် အားပေးထောက်ခံမှုများအတွက်လည်း များစွာတန်ဖိုးထားပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်သည် တရုတ်ပြက္ခဒိန်၏ မြွေနှစ်ဖြစ်ပြီး တရုတ်ရိုးရာယဉ်ကျေးမှုတွင် မြွေထွက်ပေါ်လာခြင်း၏ အဓိပ္ပာယ်မှာ အသက်ရှည်ခြင်း၊ ချမ်းသာခြင်းနှင့် ကံကောင်းခြင်းတို့ဖြစ်ရာ တရုတ်–မြန်မာ နှစ်နိုင်ငံဆက်ဆံရေး အခွန့်ရှည်တည်တံ့ခြင်း၊ နှစ်ဦးနှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းခြင်းနှင့် အောင်မြင်ခြင်းတို့အတွက် အတိတ်နိမိတ်ကောင်းများ ဆောင်ကြဉ်းလာနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်–

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမင်းဟိန်း<br>ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်<br>မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) | ဦးကျော်ယဉ်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်<br>မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာ ရဲမြင့်<br>ဆေးရုံအုပ်ကြီး<br>နေပြည်တော် ပြည်သူ့<br>ဆေးရုံကြီး (ခုတင်–၁၀၀၀)<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာ<br>ခင်စောဦး<br>ပါမောက္ခ/ဌာနမှူး<br>ခန္ဓာသန်စွမ်းမှုနှင့်<br>ကုသမှုပညာဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာ နည်းပညာ<br>တက္ကသိုလ် (ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

မြန်မာ့အလင်း

စာတည်းမှူးချုပ် – စိုးစိုးနိုင်
စာတည်းမှူး – မြင့်စိုး
စာတည်းများ – ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့
သတင်းထောက်မှူး – ခင်ရတနာ
အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ – ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

❑ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Ma Jia နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် တရုတ်ရိုးရာပစ္စည်းများ ပြသထားသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။

အခမ်းအနားကို တရုတ်ရိုးရာ ခြင်္သေ့တိုင်အက၊ ခြင်္သေ့နဂါးအကတို့ဖြင့် ကပြဖျော်ဖြေဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နှစ်သစ်ကူးအထိမ်းအမှတ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားသံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြား တည်ထောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် သက်တမ်းရှည်ကြာစွာ ဖြစ်ထွန်းခဲ့ပြီဖြစ်ပါကြောင်း။

ရေမြေတောတောင်များ ထိစပ်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများအကြား ရှေးပဝေသဏီကတည်းက ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးထားရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ခေတ်သစ်တွင် နှစ်နိုင်ငံပြည်သူများအကြား ဆွေမျိုးပေါက်ဖော်ညီရင်းအစ်ကိုစိတ်ဓာတ်ကို အခြေခံပြီး နှစ်နိုင်ငံအကြား အပြန်အလှန်ဖလှယ်မှုများဖြင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ ဆက်ဆံရေးကို "ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး" အဆင့်အထိ တိုးမြှင့်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်တွင် မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်း စိတ်ဓာတ်ကိုလည်း ထူထောင်နိုင်ခဲ့ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တရုတ်ရိုးရာပစ္စည်းများ ပြသထားသည့်ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစရှိသည့် ကဏ္ဍများတွင် အကူအညီများကို အစဉ်တစိုက်ပေးအပ်လျက်ရှိသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် အကူအညီများ ပေးအပ်လျက်ရှိပြီး ဒေသတွင်းသာမက နိုင်ငံတကာအသိုက်အဝန်းကပါ တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် အားပေးထောက်ခံမှုများအတွက်လည်း များစွာတန်ဖိုးထားပါကြောင်း၊ ဤနေရာတွင် တရုတ်နိုင်ငံ၏ နားလည်မှုနှင့် အကူအညီပေးမှုကို များစွာတန်ဖိုးထားပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း နှစ်နိုင်ငံအကြား ရှိသည့် ပြည်သူများအားလုံး မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်စွာကျော်ဖြတ်နိုင်ပြီး နှစ်နိုင်ငံ အကြား အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများ အဖြစ် စိတ်ကောင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ma Jia က ၂၀၂၅ခုနှစ်သည် တရုတ် - မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက်ဖြစ်ပြီး တရုတ်ပြက္ခဒိန်၏ မြွေနှစ်လည်းဖြစ်ပါကြောင်း၊ တရုတ်ရိုးရာယဉ်ကျေးမှုတွင် မြွေထွက်ပေါ်လာခြင်း၏ အဓိပ္ပာယ်မှာ အသက်ရှည်ခြင်း၊ ချမ်းသာခြင်းနှင့် ကံကောင်းခြင်းပင်ဖြစ်ပါကြောင်း၊ ဗုဒ္ဓဆီမီးထွန်းလင်းတောက်သောနှစ်ဟုလည်း ခေါ်ဆိုပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံပြည်သူများ၏ အကျိုးပြုမှုများစွာကို ဆောင်ကြဉ်းပေးကာ တရုတ် - မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေမည်ဟု မျှော်လင့်မိပါကြောင်းနှင့် တရုတ် - မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ရိုးရာယဉ်ကျေးမှုတူရိယာဖျော်ဖြေမှုများ၊ အကအလှများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

**ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး (၂) ဒါတိုဆရီဆတီယာဟာဂျီအယ်ရီဝမ်ဘင်ပီဟင်ယူဆွတ်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ တရားဝင်ခရီးစဉ် သွားရောက်ခဲ့သည်။**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ သံတမန်ရပ်ကွက်ရှိ အသစ်ဆောက်လုပ်လျက်ရှိသော မြန်မာသံရုံး ဆောက်လုပ်ရေးတည်နေရာသို့ သွားရောက်၍ လိုအပ်သည်များကို မှာကြားကာ အဆောက်အအုံ အုတ်မြစ်သွန်းလောင်းပေးသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့အကြား သံတမန်မြေအပြန်အလှန်လဲလှယ်ရေးသဘောတူစာချုပ်အရ ရရှိထားသည့် မြေကွက်သုံးကွက် အနက် ကျန်ရှိသော သံတမန်လူနေ ရပ်ကွက်ရှိ သံရုံးပိုင်မြေကွက် နှစ်ကွက်သို့ သွားရောက်၍ မြန်မာသံရုံးဝန်ထမ်းများအတွက် နေအိမ်ဆောက်လုပ်နိုင်မှု အခြေအနေကို လေ့လာကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာသံရုံး၊ ဘန်ဒါဆရီဘီဂါဝန်မြို့၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ သံရုံးဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင် အိမ်ရှင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး-၂ က ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို Rumbia Restaurant ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး - ၂ နှင့် ASSARRAA VIP Guest House Villa-2 ၌ တွေ့ဆုံဆွေးနွေးပြီး အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။ မွန်းလွဲပိုင်းတွင်



ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီဟာဆာနယ်လ် ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာ အား Istana Nurul Iman နန်းတော်၌ ဂါရဝပြုတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အထူးသဖြင့် ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ပြည်သူအချင်းချင်းဆက်ဆံရေးဆိုင်ရာ အစရှိသော ကဏ္ဍများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)ဖြင့် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ နည်းဥပဒေများတွင် အခန်း( ၁၀ )ခန်း၊ နည်းဥပဒေ အပိုဒ်ပေါင်း (၅၉) ပိုဒ်၊ နောက်ဆက်တွဲပုံစံ (၁၂) ခုဖြင့် ဖော်ပြထားပြီး အခန်း(၁)တွင် အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အခန်း (၂) တွင် ပြည်သူ့စစ်မှုထမ်းရန် အသက်နှင့်ကာလတွက်ချက်ခြင်း၊ အခန်း(၃) တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄)တွင် စာရင်းပြုစုခြင်းနှင့်မှတ်ပုံတင်ခြင်း၊ အခန်း(၅)တွင် ဆေးစစ်ခြင်းနှင့် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရန်ဖြစ်စေ၊ စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးရန်ဖြစ်စေ၊ သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းရန်ဖြစ်စေ လျှောက်ထားခြင်း၊ အခန်း(၆)တွင် အမိန့်စာဆင့်ခေါ်ခြင်း၊ အခန်း(၇)တွင် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်း တာဝန်များ၊ အခန်း(၈)တွင် ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ အခန်း(၉)တွင် စစ်စည်းရုံးခြင်း၊ အခန်း(၁၀)တွင် အထွေထွေတို့ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၄) နှင့် တပ်မတော် (ရေ) အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ် (၅၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)နှင့်တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၈)သင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄) နှင့် တပ်မတော် (ရေ) အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ် (၅၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**နိုင်ငံတော်အလံအား အလေးပြု**

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းသို့ တပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် စစ်ရေယာဉ်များက ရန်ကုန်မြစ်အတွင်းမှ ကာကွယ်ရေးဦးစီးချုပ်(ရေ)အား ပုံပြုချီတက်မောင်းနှင်အလေးပြုကြသည်။

**ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) က တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ ၅၇၄၈ ဗိုလ်ဟိန်းမင်းသန့်နှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၄၅ ဗိုလ်ဟိန်းထက်အောင်တို့ကိုလည်းကောင်း၊ တပ်မတော်(ရေ) အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ် (၅၈) မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၆၉ ဗိုလ်စိုင်းမင်းသန့်နှင့် ရေကြောင်းအင်ဂျင်နီယာပညာစာပေထူးချွန်ဆုရ ရေ ၅၇၇၀ ဗိုလ်ဘုန်းမြင့်ကျော်တို့ကိုလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်(ရေ)အတွက်သာမက

*စာမျက်နှာ ၅ သို့*



ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၄) မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ ၅၇၄၈ ဗိုလ်ဟိန်းမင်းသန့်အား ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၄) မှ ရေကြောင်းပညာ စာပေထူးချွန်ဆုရ ရေ ၅၇၄၅ ဗိုလ်ဟိန်းထက်အောင်အား ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ် (၅၈) မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၆၉ ဗိုလ်စိုင်းမင်းသန့်အား ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ် (အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ် (၅၈)မှရေကြောင်းအင်ဂျင်နီယာပညာစာပေ ထူးချွန်ဆုရ ရေ ၅၇၇၀ ဗိုလ်ဘုန်းမြင့်ကျော်အား ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။

**❖ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒညွှန်ကြားချက်များအား စဉ်ဆက်မပြတ် လေ့လာရမည့်အပြင် အသိပညာဗဟုသုတ ပြည့်ဝရေးအတွက် လက်ရှိမြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို မျက်ခြည်မပြတ်စေရန် လေ့လာမှတ်သားနေရန်လိုအပ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၃**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးညှိနှိုင်းခဲ့မှုအခြေအနေ၊ နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ အကြံပြုချက်များအပေါ် လိုအပ်သလို အရေးယူဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူလူထုအကြား ပျံ့နှံ့ရောက်ရှိစေပြီး တည်ငြိမ်အေးချမ်းမှု ရရှိအောင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ NCA ကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဦးကိုကိုကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များ၊ လက်ရှိနိုင်ငံရေးအခြေအနေ၊ နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍအရေးပါမှုနှင့် NSPNC နှင့် နိုင်ငံရေးပါတီများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့က ဆွေးနွေးလိုသည့်အချက်များကို အဆိုပြုတင်ပြပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့်အချက်များနှင့် ပတ်သက်၍ လက်ရှိအချိန်အထိ သဘောထားစုစည်းရရှိချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်မည့် နှစ်ဖက်ထပ်မံ အဆိုပြုချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်း၍ သဘောထားများရယူပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇန်နဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

နိုင်ငံတော်နှင့် တပ်မတော်အတွက် အားသစ်လောင်းမည့် မျိုးဆက်သစ်အရာရှိငယ်များကို အောင်မြင်စွာ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့ တစ်နေ့ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း ရေကြောင်းသွားလာရေးဆိုင်ရာပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာဆိုင်ရာပညာရပ်များ၊ ရေတပ်လက်နက်နှင့် လက်နက်စနစ်ဆိုင်ရာပညာရပ်များနှင့် ရေတပ်အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာပညာရပ်များကို စာတွေ့သင်ကြားပေးခဲ့သည့်အပြင် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်မှုများကိုလည်း စစ်ရေယာဉ်များတွင် တွဲဖက်၍ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ ယခုသင်ကြားပေးလိုက်သည့် ရေတပ်ပညာရပ်များသည် ရေတပ်အရာရှိဘဝကို စတင်ရန်အတွက် အခြေခံမျှသာရှိသေးသဖြင့် Long Life Learning ဆိုသည့်အတိုင်း ဘဝတစ်လျှောက်လုံး လေ့လာသင်ယူသွားရန် အထူးလိုအပ်ကြောင်း။

ခေါင်းဆောင်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အတိုင်း မိမိအဖွဲ့အစည်းက အားကိုးရသော ခေါင်းဆောင်ကောင်းများဖြစ်စေရန်၊ မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်၊ မှန်ကန်စွာ ခေါင်းဆောင်နိုင်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော အသိပညာ၊ အတတ်ပညာများကို မိမိကိုယ်တိုင် တတ်မြောက်ပြည့်စုံရန် လိုအပ်သဖြင့် အလေးအနက်ထား လုပ်ဆောင်လိုက်နာရမည်ဖြစ်ကြောင်း၊ စည်းကမ်းအရာ၌ မိမိလက်အောက်ငယ်သားများကို စည်းကမ်းလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရသကဲ့သို့ မိမိကိုယ်တိုင်ကလည်း စံနမူနာပြ လိုက်နာစောင့်ထိန်းရန်လိုအပ်ကြောင်း၊ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မြော်မြင်နိုင်မှုနှင့် ဗဟုသုတကြွယ်ဝစေရန်အတွက် စာပေကောင်းများကို ဖတ်ရှုသွားရန်နှင့် Professional Skill အစဉ်မြင့်မားနေစေရေး လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့် ဆောင်ပုဒ်အတိုင်း အလေးထားကျင့်ကြံလိုက်နာသွားရန် လိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒညွှန်ကြားချက်များအား စဉ်ဆက်မပြတ် လေ့လာရမည့်အပြင် အသိပညာဗဟုသုတ ပြည့်ဝရေးအတွက် လက်ရှိမြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို မျက်ခြည်မပြတ်စေရန် လေ့လာမှတ်သားနေရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိကြီးများသည် ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အဏ္ဏဝါသီရိရိပ်သာဧည့်ခန်းမ၌ ထူးချွန်ဆုရရှိသည့် သင်တန်းဆင်းအရာရှိများနှင့် မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲကျင်းပနေစဉ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တေးဂီတအဖွဲ့နှင့် တပ်မတော်(ရေ) တေးဂီတအဖွဲ့တို့က တေးသီချင်းအဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စွမ်းရည်ထက်မြက်ကာကွယ်လျက်ပေ တပ်မတော်(ရေ)

ဘုန်းမောင်ဝင်း(ဖျာပုံ)

**တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်(ရေ)သည်လည်း တပ်မတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တပ်မတော်ဟုဆိုရာ၌ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ ပါဝင်သော နိုင်ငံတော်၏ ကာကွယ်ရေးတပ်ပေါင်းစုကို ခေါ်ဆိုခြင်းဖြစ်သည်။ ကြည်း၊ ရေ၊ လေတပ်များသည် နိုင်ငံတော်အတွက် သုံးနားညီတြိဂံပမာ ညီညွတ်စုစည်းစွာရပ်တည်လျက်ရှိသည်။ တပ်မတော်တစ်ရပ်၏ စွမ်းအားဆိုသည်မှာ လူ၊ လက်နက်၊ နည်းပညာတို့စုံလင်စွာရှိပြီး အသုံးပြုနိုင်ခြင်းဖြစ်သည်။ ခေတ်မီတန်ဖိုးကြီးသော စစ်လက်နက်ပစ္စည်းများကို အသုံးပြုစေကာမူကျွမ်းကျင်ပိုင်နိုင်စွာ အသုံးမပြုတတ်ပါက အကျိုးရှိမည်မဟုတ်ပေ။**

ထို့ကြောင့် တပ်မတော်တွင် အဓိကတာဝန်ကြီးသုံးရပ်အဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူသော တာဝန်ကြီးသုံးရပ်သတ်မှတ်ထားခြင်းဖြစ်သည်။ အဓိက အကျဆုံးသောတာဝန်သည် လေ့ကျင့်ရေးဖြစ်သည်ဟု ဆိုနိုင်သည်။ လေ့ကျင့်မှုမရှိဘဲ မည်သည့်အရာမျှ တတ်မြောက်လိမ့်မည်မဟုတ်ပေ။ လေ့ကျင့်ရေးသည် စစ်ဆင်ရေးဟူသော ဆောင်ပုဒ်ဖြစ်ပေါ်လာခဲ့သည်မှာ သာဓကဖြစ်သည်။ တပ်မတော်သားတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်ဆန္ဒဖြင့် တပ်မတော်သို့ဝင်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြခြင်းဖြစ်သည်။ တပ်မတော်သို့ဝင်ရောက်လာသူတိုင်းသည် သက်ဆိုင်ရာသင်တန်းကျောင်းများတွင် လေ့ကျင့်သင်ကြားပြီးမှသာ တပ်မတော်သားအဖြစ်သို့ ရောက်ရှိခြင်းဖြစ်သည်။



(၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အခမ်းအနားကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့က ရန်ကုန်မြို့ရှိ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပစဉ်။

### မြေပြင်၊ ရေပြင်နှင့်ဝေဟင်ကို ကာကွယ်နိုင်ရေး စဉ်ဆက်မပြတ်လေ့ကျင့်နေရ

တပ်မတော်သို့လေ့ကျင့်ရေးနှင့် စတင်ဝင်ရောက်ခဲ့ရသလို တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေစဉ်မှာလည်း လေ့ကျင့်ရေးကို ဆက်လက်လုပ်ဆောင်နေကြရသည်။ မိမိနိုင်ငံ၏ မြေပြင်၊ ရေပြင်နှင့် ဝေဟင်ကိုအစွမ်းထက်စွာ ကာကွယ်နိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်နေရသည်မှာ တာဝန်ကို မြတ်နိုးတွယ်တာစိတ်ဖြစ်သည်။ ထိုသို့ လေ့ကျင့်လျက်ရှိရာတွင်မတူကွဲပြားသော သဘောသဘာဝများရှိကြသည်။ ကြည်း၊ ရေ၊ လေ တပ်မတော်သားအားလုံးတို့သည် မိမိတို့နှင့် သက်ဆိုင်ရာလေ့ကျင့်ရေးသင်တန်းများကို ဆက်လက်တက်ရောက်ထားနိုင်မှသာ မိမိတို့အား အထက်ကပေးအပ်သောအမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ လူသားအရင်းအမြစ်လည်း ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုချီးမြှင့်အမှာစကားပြောကြားရာ၌ **"စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ် လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့် လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့်အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့မှသည် နောင်ရာစုနှစ်၊ ထောင်စုနှစ်ပေါင်းများစွာအထိ နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို ဆက်လက်မြှင့်တင်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း"** ပြောကြားခဲ့သည်။

### ဟန်ချက်ညီတိုးတက်စေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ

တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများက အလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ဗဟုသုတတိုးပွားရေးဟောပြောပွဲများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံမှ အရှိန်အဟုန်ဖြင့်မြှင့်တင်လျက်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဟူသည့် လမ်းညွှန်ချက်အတိုင်း အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှုအသီးအပွင့်များ ဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား၊ အမျိုးသမီးအရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ် ဟန်ချက်ညီတိုးတက်စေရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တပ်မတော်(ရေ) အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈)သင်တန်းများ သင်တန်းပြီးမြောက်ပြီဖြစ်သည်။ သင်တန်းသားများကို သင်တန်းကာလအတွင်း နိုင်ငံတကာရေတပ်စံနှုန်းများနှင့်အညီ ရေကြောင်းဆိုင်ရာပညာရပ်များ၊ ရေတပ်လက်နက်နှင့် လက်နက်စနစ်ပညာရပ်များ၊ ရေတပ်ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပညာရပ်များ၊ ရေတပ်စစ်ဆင်မှုပညာရပ်များ၊ ရေတပ်အုပ်ချုပ်ထောက်ပံ့မှုပညာရပ်များ၊ ရေကြောင်းစက်မှုလက်မှုပညာရပ်များ၊ ရေကြောင်းလျှပ်စစ်ပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာပညာရပ်များနှင့်ရေယာဉ်တည်ဆောက်မှု ပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားခဲ့ကြပြီးဖြစ်သည်။ စစ်ရေယာဉ်ကြီးများတွင် တွဲဖက်ပဲ့စင်တာဝန်ကျအရာရှိနှင့် တွဲဖက်စက်မှုလက်မှုတာဝန်ကျအရာရှိများအဖြစ် လက်တွေ့လုပ်ငန်းခွင်တွင် ဆက်လက်လေ့လာဆည်းပူးကြရမည်ဖြစ်သည်။ လုပ်ငန်းခွင်တွင် လက်တွေ့လေ့ကျင့်မှုများပြီးမြောက်သွားသည့်အခါ အရည်အချင်းပြည့်မီသူများကိုသာ စစ်ရေယာဉ်များတွင် တာဝန်ပေးအပ်သွားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ထိုက်သင့်သည့် ပင်လယ်ပြင်လုပ်သက်နှင့် လုပ်ငန်းအတွေ့အကြုံရရှိပြီးချိန်တွင် အထူးပြုဘာသာရပ်ဆိုင်ရာသင်တန်းများကို ထပ်မံတက်ရောက်သင်ကြားကြရမည်ဖြစ်သည်။

### စစ်ရေယာဉ်များ ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော်လျက်ရှိ

နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသောအာမခံချက်မှာ စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစုကို တည်ဆောက်ပိုင်ဆိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်(ရေ)သည် စစ်ရေယာဉ်များ တည်ဆောက်ခြင်း၊ လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ စစ်ရေယာဉ်များ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ဖရီးဂိတ်စစ်ရေယာဉ်ကြီးအမည်ပေးခြင်းနှင့် ရေချခြင်းမင်္ဂလာကို ဒီဇင်ဘာလ ၂၄ ရက်တွင် ကျင်းပခဲ့သည်မှာလည်း တပ်မတော်(ရေ)၏ အောင်မြင်မှုစွမ်းရည်ဖြစ်သည်။

တပ်မတော်(ရေ)အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှသည် ယခုဖရီးဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ **"ရေတပ်၏တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်"**ဟူသည့် ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကို တပ်မတော်(ရေ)က ကိုယ်တိုင်တည်ဆောက်ခြင်းဖြစ်သည်။ အဆိုပါစစ်ရေယာဉ်များတွင် ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အထက်တွင်ဖော်ပြခဲ့သည့်သင်တန်းများကို ဖွင့်လှစ်နေခြင်းဖြစ်သည်။

### စစ်ရေးတွင် အဓိကကျသောနေရာတွင်တည်ရှိ

တပ်မတော်(ရေ)နှင့်ပတ်သက်လျှင် မြန်မာနိုင်ငံ၏ ပိုင်နက်ရေပြင်မှာကျယ်ဝန်းပြီး ထိုပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရသည့် တာဝန်မှာကြီးမားလှသည်။ ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိသည့် မြန်မာ့ပင်လယ်ပြင်၌ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်း သဘာဝအလှများဖြင့် ပြည့်နှက်လျက်ရှိသည်။ ထို့ပြင် မျက်မှောက်ခေတ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတွင် အဓိကကျသော အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းဖြစ်သည့်

*စာမျက်နှာ ၇ သို့*

☆ **တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများက အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ဗဟုသုတတိုးပွားရေးဟောပြောပွဲများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံမှ အရှိန်အဟုန်ဖြင့်မြှင့်တင်**

☆ **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် လမ်းညွှန်ချက်အတိုင်း အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှုအသီးအပွင့်များ ဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား၊ အမျိုးသမီးအရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ် ဟန်ချက်ညီတိုးတက်စေရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ**

# အောင်ပန်းတွေဝေ တပ်မတော်(ရေ)

❖ ရေပြင်ကျယ် ပင်လယ်စခန်းမှာ
တာဝန်ထမ်းတဲ့ စစ်သည်တော်တွေ
အောင်ပန်းတွေဝေ။
ကမ်းနှင့်ဝေးကွာနေ
ဆွေးဖြာပွေ ရင်ထဲမရှိ။
မုန်တိုင်းလေ လှိုင်းလေကြမ်းလို့
အခက်အခဲတွေ ဘယ်လိုဆန်းပေမယ့်
ရွှင်လန်းနေ၏။

❖ တို့မြန်ပြည် ကြာရှည်မြဲအောင်လို့
ဖွဲ့မာန်က တဝေဝေ
ပြည့်သိပ်လို့နေ။
တို့ပိုင်နက် ရေမြေလေ
ကာကွယ်နေ ပြုံးပျော်လျက်။
တပ်မတော်(ရေ) ဇာနည်ဖွားတို့
လှုပ်ရှားသွက်လက်။

❖ လေ့ကျင့်ရေးသည် စစ်ဆင်ရေး
သင်ကြားပေးလို့ ရည်သွေးပင်
ဂုဏ်မြင့်စေချင်။
စီမံခန့်ခွဲရေး၊ အင်ဂျင်နီယာပညာရှင်
ကျွမ်းကျင်ကာ တာဝန်ထမ်းရေး။
တပ်မတော်(ရေ)သင်တန်းများ
ထူးခြားတယ်လေး။

❖ "မြန်မာ့ပင်လယ် ဒို့ကာကွယ်"
ဉာဏ်ရည်ကြွယ် အသိတိုးဖို့
ကြိုးစားလို့ နေလျက်သာ။
စစ်ရေယာဉ် တည်ဆောက်ပြု
အောင်မြင်မှုပါ။
တပ်မတော်(ရေ)ရဲ့ အတတ်ပညာ
ပြည်မြန်မာ ဂုဏ်မြင့်မား။
လှိုင်းနှင့်လေ သက်သေထားလို့
အားမာန်ဝင့်ကြွား။

❖ လှေခွက်ချည်းကျန် အလံမလှဲ
အားမာန်ဖွဲ့ သတ္တိတွေ။
အခက်အခဲကို ဖြတ်ကျော်လွှား
ဝင့်ကြွားလို့နေ။
အစဉ်အလာကောင်းတဲ့ တပ်မတော်(ရေ)
မျိုးဆက်တွေ အမွေပေး။
ပြည့်အရေး ရည်မျှော်လို့
နိုင်ငံတော်အလှ မယွင်းရအောင်
"သာလွန်မင်း" ပမာအောင်ဇေယျတုနဲ့
ပင်လယ်ပြင် စိုးမိုးမှုကို
ဂုဏ်ပြုတယ်လေး။ ။

**အာကာမောင်မောင်**

---

*စာမျက်နှာ ၆ မှ*

ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့၏ ထိန်းချုပ်မှတ်နေရာတွင်လည်း တည်ရှိနေ သည်။ မည်သည့်ရှုထောင့်ကကြည့်ကြည့် မြန်မာ့ပင်လယ်ပြင်သည် မြန်မာတို့ပိုင်ဆိုင်သော **"ရွှေနိုင်ငံ၏ရွှေပင်လယ်"** အစစ်ပင်ဖြစ်သည်။

ပြီးပြည့်စုံပြီး အဖိုးတန်လှသည့် မြန်မာနိုင်ငံ၏ ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက် တပ်မတော်(ရေ)ကို ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ် တိုးချဲ့တည်ဆောက်ပေးနေခြင်းဖြစ်သည်။ တပ်မတော်(ရေ)ကိုတည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adjacent Force Projection Navy / Regional Navy) အဖြစ်သို့တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**စစ်ရေယာဉ်များကို ကိုယ်တိုင်**
**တည်ဆောက်နိုင်ရန် လမ်းညွှန်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့ရွှေပင်လယ်၏ တန်ဖိုးကြီးမားပုံကို သိမြင်သည့်အတွက် တပ်မတော်(ရေ)၏ တိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ရန် လမ်းညွှန်မှုပြုပံ့ပိုးဖြည့်ဆည်းပေးခဲ့သောကြောင့် **"ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ(Buyer to Builder)"** အဖြစ် တစ်မုဟုတ်ချင်းပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေကို များစွာခြိုးခြံချွေတာနိုင်ခဲ့သည်။ အမြော်အမြင်မှ နည်းလမ်း၊ နည်းလမ်းမှ လက်တွေ့၊ လက်တွေ့မှ အောင်မြင်မှုသို့ လှမ်းတက်နိုင်ခဲ့သည်မှာ တပ်မတော်(ရေ)၏ စွမ်းအားများပင်ဖြစ်သည်။

> **" တပ်မတော်(ရေ)၏ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် တိုက်စွမ်းအားမြင့်မားသော စစ်ရေယာဉ်များနှင့် လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင် မူတည်သည်။ တပ်မတော်(ရေ)အနေဖြင့် ရေပြင်ရန်စစ်ဆင်ရေး၊ ဝေဟင်ရန်စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေးနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးဟူ၍ နယ်ပယ်(၄)ရပ်လုံးတွင် ကွက်ပြည့်နင်း စစ်ဆင်နိုင်ရမည်ဖြစ်သည်။ ရေတပ်အင်အားကို တိုက်ခိုက်ရေးအင်အားအဖြစ် အသုံးချနိုင်ရန် စစ်ရေယာဉ်အသင့်၊ လက်နက်နှင့် လက်နက်စနစ်အသင့်၊ အရာရှိ၊ စစ်သည် အသင့်ဟူသော အသင့်(၃)ရပ်ဖြင့် ပြည့်စုံရန်လည်း ကြိုးပမ်းဖြည့်ဆည်းတည်ဆောက်လျက်ရှိ "**

တပ်မတော်(ရေ)၏ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် တိုက်စွမ်းအားမြင့်မားသော စစ်ရေယာဉ်များနှင့် လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင် မူတည်သည်။ တပ်မတော်(ရေ) အနေဖြင့် ရေပြင်ရန် စစ်ဆင်ရေး၊ ဝေဟင်ရန် စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေးနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးဟူ၍ နယ်ပယ်(၄)ရပ်လုံးတွင် ကွက်ပြည့်နင်းစစ်ဆင်နိုင်ရမည်ဖြစ်သည်။ ထို့ပြင် ပင်လယ်ပြင်မှ ကုန်းမြေအပေါ် အကျိုးသက်ရောက်မှုပေးနိုင်ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ ပင်လယ်ပြင်သယံဇာတများကို ကာကွယ်မှုပေးနိုင်ရေးဟူသည့် စွမ်းအားနှစ်ရပ်ပြည့်စုံကာ ရေတပ်အင်အားကို တိုက်ခိုက်ရေးအင်အားအဖြစ်အသုံးချနိုင်ရန် စစ်ရေယာဉ်အသင့်၊ လက်နက်နှင့် လက်နက်စနစ်အသင့်၊ အရာရှိ၊ စစ်သည်အသင့်ဟူသော အသင့်(၃)ရပ်ဖြင့် ပြည့်စုံရန်လည်း ကြိုးပမ်းဖြည့်ဆည်း တည်ဆောက်လျက်ရှိသည်။ ဤသည်မှာ နိုင်ငံနှင့်လူမျိုးကောင်းကျိုးအတွက်ဖြစ်သည်။

**ကျူးကျော်လာသူများကို ချေမှုန်းနိုင်ရန်**
**အမြဲလေ့ကျင့်လျက်ရှိ**

တပ်မတော်(ရေ)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကဏ္ဍကြီး(၄)ရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ စာနာကူညီပေးရေးကဏ္ဍ၊ သံတမန်ရေးကဏ္ဍတို့အနက် စစ်ရေးကဏ္ဍကို ထိရောက်စွာဆောင်ရွက်နိုင်ရန် **"အမြဲတမ်းလေ့ကျင့်နေရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်"** ဟူသည့် **"မြဲသုံးမြဲ"** ကိုလက်ကိုင်ထားကာ **"လေ့ကျင့်ကျွမ်းကျင်၊ အောင်ပွဲဆင်"** ဆိုသည့်ဆောင်ပုဒ်အတိုင်း ပင်လယ်ပြင်သို့ ကျူးကျော်လာသူများကို ချေမှုန်းနိုင်ရန် အမြဲလေ့ကျင့်လျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်(ရေ)က မွေးထုတ်ပေးခဲ့သော တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈)သင်တန်းများ အောင်မြင်စွာပြီးမြောက်ခြင်းကို ဂုဏ်ပြုပါကြောင်းနှင့် တပ်မတော်(ရေ)အနေဖြင့် **"မြန်မာ့ပင်လယ် ဒို့ကာကွယ်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာ့ပင်လယ်ပြင်ကို ထာဝစဉ်စောင့်ရှောက်ကာကွယ်နိုင်ပါစေကြောင်း **"စွမ်းရည်ထက်မြက်ကာကွယ်လျက်ပေ တပ်မတော်(ရေ)"** အဖြစ် ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

---

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၅ - ၁ - ၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၄) တွင်** မိမိမကျွမ်းကျင်သည့်အလုပ်ကို လုပ်ကိုင်မိ၍ ဒုက္ခရောက်ခဲ့ရသော ဖိုးချွန်းနှင့် ဝိတ်ပေါတို့အကြောင်းကို သရုပ်ဖော် ထားသည့် "ဖိုးချွန်း၊ ဝိတ်ပေါ-ကိုယ့်အလုပ်ကိုယ်လုပ်" မျက်နှာဖုံးကာတွန်း၊ မိုးရွာပြီးစ အချိန်တွင် ကောင်းကင်၌ မြင်တွေ့ကြရသည့် သက်တံရောင်စဉ်များ အကြောင်းကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် **"သက်တံရောင်စဉ်ပဟေဠိ"** သုတဆောင်းပါး၊ အလုပ်တစ်ခုကို လုပ်ဆောင်ရာ၌ နောင်ဖြစ်လာမည့်အကျိုးဆက်များကို တွေးတောဆင်ခြင်၍ ဆောင်ရွက်သင့်ကြောင်း သရုပ်ဖော်ထားသည့် "စဉ်းစားပြီးမှ လုပ်ပါ" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးအပေါ် အနိုင်ကျင့်ကာ အချောင်ခိုခဲ့ပြီး ဒုက္ခရောက်သောအခါမှသာ ရေသန့်ဘူးကဲ့သို့စိတ်ထားဖြူစင်သောသူငယ်ချင်းအကြောင်းကို သိခဲ့ရသည့် ကျော်ကြီးအကြောင်းကို ရေးဖွဲ့ထားသည့် "ရေသန့်ဘူးလိုမျိုး" ဝတ္ထု၊ ဆရာမ စာမေးမည်ကို သိ၍ နေမကောင်းဟန်ဆောင်ကာ ခွင့်တိုင်ခဲ့သော ဖိုးထူးအကြောင်းကို သရုပ်ဖော်ထားသည့် "ခွင့်တိုင်စာ" တစ်မျက်နှာကာတွန်း၊ သူတစ်ပါးကိုသနားညှာတာတတ်ပြီး ဉာဏ်ပညာနှင့် ပြည့်စုံသောကြောင့် သူဌေးကြီး၏ သမီးငယ်နှင့် ပိုင်ဆိုင်မှုများကိုရရှိခဲ့သော လုလင်ငယ်တစ်ယောက်အကြောင်းကို ရေးဖွဲ့ထားသည့် "ကြင်နာသနား ပညာများသူ" ပုံပြင်၊ သူငယ်ချင်းများနှင့် ဘောလုံးကစားရာ၌ ဖြတ်ထိုးဉာဏ်သုံးကာ ဂိုးတိုင်ပြုလုပ်ခဲ့သော ကွာစိအကြောင်းကို သရုပ်ဖော်ထားသည့် "ဖြိုးရဲနှင့် ကွာစိ- ဂိုးဖမ်းမယ်" နှစ်မျက်နှာကာတွန်း၊ ကျောင်းသားများ အနေဖြင့် မိမိမကျွမ်းကျင်သောဘာသာရပ်ကို မဆုတ်မနစ်ကြိုးစားပါက ၎င်းဘာသာရပ်တွင် ထူးချွန်လာနိုင်ကြောင်း သရုပ်ဖော်ထားသည့် "မြဂျိုးရဲ့ မဆုတ်မနစ်" နှစ်မျက်နှာကာတွန်း၊ အိမ်ငှားရမ်းမည့်သူနှင့် အိမ်ပိုင်ရှင်တို့အကြား အိမ်ငှားရမ်းခ ညှိနှိုင်းပြောဆိုပုံကို အပြန်အလှန်ပြောဆိုပုံဖြင့် ရေးဖွဲ့ထားသည့် "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာကဏ္ဍအပါအဝင် ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ စုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်




အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၅)တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေဆိုင်ရာဘာသာရပ်များ ဆွေးနွေးပို့ချ





**နေပြည်တော် ဇန်နဝါရီ ၂၃**
နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၅)ကို ဇန်နဝါရီ ၈ ရက်မှ မတ် ၂၈ ရက်အထိ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်နှင့် ဥပဒေရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာဘာသာရပ်များအလိုက် ဆွေးနွေးပို့ချလျက်ရှိသည်။

ယနေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် သင်တန်းအမှတ်စဉ်(၅)တွင်ဥပဒေရေးရာဝန်ကြီးဌာန၏ရည်မှန်းချက် တာဝန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ဥပဒေရေးရာဝန်ကြီးဌာနပေါ်ပေါက်လာပုံ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနလေးခုတို့၏ လုပ်ငန်းတာဝန်များ၊ မဟာဗျူဟာစီမံကိန်း (၂၀၂၅-၂၀၂၉) ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက် (Building Legal Trust for the People) ပါ ပန်းတိုင်(၅)ရပ်၊ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေနှင့် နည်းဥပဒေပါ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ဥပဒေရေးရာဝန်ကြီးဌာန၏ ပြင်ဆင်ပြောင်းလဲမှုများကို ဆွေးနွေးပို့ချပြီး သင်တန်းသားများ မေးမြန်းသည့် မေးခွန်းများကို ပြန်လည်ဖြေကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယပါမောက္ခချုပ် စုစုပေါင်း ၂၇ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လေပြင်းဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက်စတင်ခြင်း အခမ်းအနားကျင်းပ






**နေပြည်တော် ဇန်နဝါရီ ၂၃**
"လေပြင်းဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက် စတင်ခြင်းအခမ်းအနား" ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက Online ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မကြာမီတွင် ဆောင်းအကုန်နွေအကူးကာလကို ရောက်ရှိမည်ဖြစ်သည့်အတွက် နွေဦးရာသီအစနှင့် မုတ်သုံအဝင်ကာလများတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး လေပြင်းဘေးကြောင့် ထိခိုက်ပျက်စီးမှုသည် အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း လေတိုက်နှုန်းပေါ်မူတည်ပြီး လေပြင်းတိုက်ခတ်နိုင်မှုများ၊ မုန်တိုင်းဖြစ်ပေါ်နိုင်မှုများကို အဆင့်များ သတ်မှတ်အသိပေးလျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုများကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုတွင် နေအိမ်ပေါင်း ၂၃၇၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုများ လျော့နည်းစေရန်အတွက် လေပြင်းဘေးဖြစ်ပွားမှု များပြားခဲ့သည့် ဒေသများကိုရွေးချယ်ပြီး လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသည့် အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းများကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်က စတင်၍ နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုတွင် နေအိမ်ပေါင်း ၇၅၀၀၀ ကျော်ကို ငွေကျပ် ၂ ဒသမ ၇ ဘီလီယံကျော်ကျခံ၍ အားဖြည့်၊ မွမ်းမံဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ နေအိမ်များ အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်အတူ လေပြင်းဘေး ကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများကိုပါ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်မည့် လေပြင်းဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက်ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးများက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ငွေးဇီးကျေးရွာ၌ လေပြင်းဒဏ်ခံနိုင်ရည် အားနည်းသည့် နေအိမ်များမွမ်းမံခြင်း လက်တွေ့ဆောင်ရွက်နေမှု၊ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် တောင်ရပ်ကွက်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်နေမှုနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေနေမှု၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကန်စုကျေးရွာ၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုနှင့် နေအိမ်ကြံ့ခိုင်ရေးဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားပြီး စီမံချက်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုတွင် နေအိမ်ပေါင်း ၇၅၀၀၀ ကျော်ကို ရန်ပုံငွေကျပ် ၂ ဒသမ ၇ ဘီလီယံကျော် ကျခံသုံးစွဲ၍ အားဖြည့်မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ယခင်နှစ်များနည်းတူ တိုင်းဒေသကြီး၊ ပြည်နယ်ခုနစ်ခုတွင် နေအိမ်ပေါင်း ၁၁၀၂၀ လုံးကို ရန်ပုံငွေကျပ် ၇၅၂ ဒသမ ၄၀၀ သန်းဖြင့် အားဖြည့်မွမ်းမံမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမရပူရမြို့နယ်၌ ကျေးလက်လမ်း၊ တံတားပြုပြင်ထားရှိမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**အမရပူရ ဇန်နဝါရီ ၂၃**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ စားတော်-လိပ်ဆံခွန် - ဘနော - ဖရဲကျွန်းလမ်းမှာ ရာဂီမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေတိုက်စား၍ ပျက်စီးခဲ့သည့် မြေကာနံရံအပိုင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု (အထွေထွေပိုလျှံ) ရန်ပုံငွေကျပ် ၄၄ ဒသမ ၆၀၁ သန်းဖြင့် ဌာနမှ Box Culvert တစ်စင်းနှင့် ကျောက်ရိုးစီမြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အဆိုပါလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေကို မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့်အတူ အမရပူရခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလွင်၊ မြို့နယ်တာဝန်ခံ ဒေါ်နန်းခိုင်သဉ္ဇာ (ဦးစီးအရာရှိ(မြို့ပြ))တို့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းကိုက်ညီမှုရှိရေးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

❒ *ကျောဖုံးမှ*
ယှဉ်ပြိုင်စေခဲ့သည်။ အဆင့်သတ်မှတ်ချက် အနိမ့်ဆုံးဖြစ်သည့် ခြောက်သင်းကို သုံးသင်းနှစ်အုပ်စုခွဲ၍ ယှဉ်ပြိုင်စေခဲ့ပြီး ချန်ပီယံဆုရ အင်ဒိုနီးရှား၊ ဒုတိယဆုရ ကမ္ဘောဒီးယား၊ တတိယဆုရ စင်ကာပူအသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအပါအဝင် ဩစတြေးလျ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းတို့မှာ ခြေစစ်ပွဲ ယှဉ်ပြိုင်စရာမလိုဘဲ တိုက်ရိုက်ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် အင်ဒိုနီးရှားနိုင်ငံကို ရွေးချယ်ထားပြီး ဇွန်လတွင် ကျင်းပမည်ဖြစ်သော်လည်း ကျင်းပမည့်ကာလနှင့် အုပ်စုမဲခွဲပွဲပြုလုပ်မည့်ရက်ကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် ၂၀၀၄ နှင့် ၂၀၀၇ ခုနှစ်တွင် ချန်ပီယံဆုရဖူးသော်လည်း ယင်းနောက်ပိုင်း ချန်ပီယံဆုနှင့် ဝေးကွာလျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ဖေဖော်ဝါရီတွင် နီပေါနိုင်ငံ၌ကျင်းပမည့် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲပါ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **ရဲရင့်လွင် ၊ ဓာတ်ပုံ-MFF**

❊ *ကျောဖုံးမှ*
တတိယနေရာမှ Generations အသင်းတို့ အမှတ်ပြည့်ရခဲ့သလို လက်ရှိချန်ပီယံ VUC အသင်းလည်း နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

ပွဲစဉ်(၆)အပြီးတွင် MIU အသင်းက ၁၈ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး MH Dream Team အသင်းက ၁၄ မှတ်၊ Generations အသင်းက ၁၁ မှတ်၊ YRG အသင်းက ကိုးမှတ်၊ M2K အသင်းက ရှစ်မှတ်၊ VUC အသင်းက ခုနစ်မှတ်၊ Winner Soccer အသင်းက ငါးမှတ်၊ YCDC Marga အသင်းက လေးမှတ်၊ ဖူဆယ်ချစ်သူ အသင်းက လေးမှတ်၊ SGF အသင်းက သုံးမှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ဓာတ်ပုံ-MFF**

# ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း အောင်မြင်စွာခင်းကျင်းပြသနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကိုယ်စားပြုပြခန်း အောင်မြင်စွာ ခင်းကျင်းပြသနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ရှင်သန်အားကောင်းလာစေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းနယ်ပယ် အလိုက် ထွက်ရှိသည့် ထုတ်ကုန်များ၊ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိသည့် ကုန်စည်များကို ပြည်တွင်း စားသုံးမှုဖူလုံစွာထုတ်လုပ်ခြင်းအပြင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့ရန်၊ ပို့ကုန်အမယ်သစ်များ တင်ပို့နိုင်ရန်၊ ဈေးကွက်သစ်ရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်တင်ပို့ နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနပြခန်းကို ခမ်းနားထည်ဝါ စည်ကား သိုက်မြိုက်စွာ ခင်းကျင်းပြသနိုင်ရေး သတ်မှတ် ထားသည့်အချိန်အတွင်း ပြင်ဆင်မှုများ ပြီးစီးအောင် ဆောင်ရွက်ရန်၊ အများပြည်သူ စိတ်ဝင်စားမှုရှိအောင် နှင့် MSMEs လုပ်ငန်းရှင်များအတွက် လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်အောင် ခင်းကျင်းပြသသွားရန် ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့်ကော်မတီ များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက် လက်ဆောင်ရွက်ထားမည့်အစီအမံများကို ရှင်းလင်း တင်ပြပြီး ညွှန်ကြားရေးမှူးချုပ်များက ပြည်ထောင်စု အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ ဝန်ကြီး ဌာန ကိုယ်စားပြုပြခန်းဆောင်တည်ဆောက်ခြင်း နှင့် ခင်းကျင်းပြသမှုအတွက် ပြင်ဆင်ဆောင်ရွက် ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အခြေခံမဲစာရင်းတွင် ပါဝင်ရမည့်လူဦးရေစာရင်းများပြုစုခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ စည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် အခြေခံမဲစာရင်းတွင် ပါဝင်ရမည့် လူဦးရေစာရင်းများ ပြုစုခြင်းဆိုင်ရာ လုပ်ငန်း ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေး ခန်းမ ၌ကျင်းပရာ ပြည်ထဲရေး ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနနှင့်ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်ရုံးတို့မှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။ **(ဝဲပုံ)**



အစည်းအဝေးတွင် ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ကျင်းပပြုလုပ် မည့်ရွေးကောက်ပွဲတွင် မဲစာရင်း များ ပြည့်စုံမှန်ကန်ရေးနှင့် မှားယွင်းမှုမရှိစေရေး၊ လွတ်လပ် ပြီး တရားမျှတသည့် ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင် ဆောင် ရွက်ရမည့် လုပ်ငန်းများကို ကြိုးစား ဆောင်ရွက်လျက်ရှိ ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာ တွင် မဲစာရင်းများမှန်ကန်ရေး သည် အရေးကြီးသောလုပ်ငန်းစဉ် ဖြစ်သဖြင့် မဲစာရင်းပြုစုရာတွင် ဥပဒေနှင့်အညီ မြေပြင်တွင် နေထိုင်သူများဖြစ်ကြသည့် နိုင်ငံ သား စိစစ်ရေးလက်မှတ် တစ်ခုခု ကိုင်ဆောင်ထားရှိပြီး အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) တွင် ပါရှိသူများ၏စာရင်းကို လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှရယူပြီး ထိုသူများ သည် မြေပြင်တွင် အမှန်နေထိုင်မှု ရှိမရှိ၊ သေဆုံး၊ ပျောက်ဆုံးနှင့် ပြောင်းဝင်၊ ပြောင်းထွက်သူများ ၏ စာရင်းကို အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှရယူကာ မဲစာရင်း ပြုစုရန် စီစဉ်ထားရှိကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အမျိုးသား မှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ အီလက်ထရွန်နစ် မှတ်ပုံတင် စနစ်ဦးစီးဌာနနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး ပြည် ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

# ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ စတုတ္ထနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူး ကျင်းပသော (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စတုတ္ထနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေး သုတေသနဦးစီးဌာန (ရုံးချုပ်)၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

နံနက်ပိုင်းတွင် မြန်မာနိုင်ငံရှိ သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်၊ ချီကန်ဂန်းယား ဗိုင်းရပ်စ်နှင့် ဇီကာဗိုင်းရပ်စ်များ၏ မျိုးကွဲများ ပျံ့နှံ့ပုံနှင့် မျိုးရိုးဗီဇပြောင်းလဲပုံ၊ အဆိုပါ ဗိုင်းရပ်စ်များကြောင့် လူ့ခန္ဓာကိုယ်မှထွက်ပေါ်လာသော ကိုယ်ခံအားစနစ်နှင့် လတ်တလော တွေ့ရှိချက်များကို ကျန်းမာရေး ဝန်ထမ်းများနှင့် ပြည်သူလူထုအား မျှဝေပေးရန်ရည်ရွယ်၍ "သွေးလွန် တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ် ရောဂါများ၏ ဗိုင်းရပ်စ်ပိုးဆိုင်ရာနှင့် သွေးရည် ကြည် ပြောင်းလဲမှုများကို မီးမောင်းထိုးပြခြင်း" ခေါင်းစဉ် ဖြင့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ် ပွဲကို ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် မြန်မာ နိုင်ငံနှင့် ဂျပန်နိုင်ငံ နာဂါဆာကီ တက္ကသိုလ်တို့မှ ပညာရှင်များက "မြန်မာနိုင်ငံနှင့် အခြားသော အာရှနိုင်ငံများတွင် ဖြစ်ပွားလျက် ရှိသော သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်၊ ချီကန်ဂန်းယားဗိုင်းရပ်စ် နှင့် ဇီကာဗိုင်းရပ်စ် ကူးစက်ရောဂါ များ"၊ "ကူးစက်နိုင်သော အမှုန့် လုံးများကို အသုံးပြု၍ သွေးလွန် တုပ်ကွေး ပဋိပစ္စည်းတုံ့ပြန်မှုကို မြန်မာနိုင်ငံရှိ သွေးလွန်တုပ်ကွေး သွေးနမူနာများတွင် ဖော်ထုတ် ခြင်း"၊ "၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန် မြို့ရှိ သွေးလွန်တုပ်ကွေး သံသယ လူနာများတွင် ချီကန်ဂန်းယား ဗိုင်းရပ်စ်များကို မော်လီကျူး နည်းပညာဖြင့် ရှာဖွေ၍ အမျိုး အစားခွဲခြားခြင်း"၊ "၂၀၁၇ ခုနှစ် မှ ၂၀၁၉ ခုနှစ်အတွင်း မြန်မာ နိုင်ငံ ရန်ကုန်မြို့ရှိ သွေးလွန် တုပ်ကွေး သံသယလူနာများတွင် ဇီကာဗိုင်းရပ်စ် ဖြစ်ပွားမှုနှုန်းကို လေ့လာခြင်း" စသည့် အကြောင်း အရာများကို ဆွေးနွေးတင်ပြ ကြသည်။

ထို့အတူ "မြန်မာနိုင်ငံ ရန်ကုန် မြို့ရှိ သွေးလွန်တုပ်ကွေး လူနာ များ၏ ရောဂါဆိုင်ရာ၊ ဗိုင်းရပ်စ် ဇီဝဆိုင်ရာ၊ ကိုယ်ခံအားဆိုင်ရာ လက္ခဏာများ"၊ "၂၀၀၀ ပြည့်မှ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ဖျားနာသော လူနာ များတွင် တွေ့ရှိရသော သွေးလွန် တုပ်ကွေး ဗိုင်းရပ်စ်ပိုးမျိုးကွဲများ နှင့် သွေးလွန်တုပ်ကွေးရောဂါနှင့် အတူတွဲဖက်တွေ့ရှိခဲ့သော ရောဂါ များ"၊ "ဆေးသုတေသန ဦးစီးဌာန နှင့် နာဂါဆာကီတက္ကသိုလ် ဂျပန်နိုင်ငံနှင့် မန္တလေးမြို့တို့၌ ၂၀၀၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ခြင်မှတစ်ဆင့် ကူးစက်တတ် သော ဗိုင်းရပ်စ်ရောဂါများအပေါ် ဆောင်ရွက်ခဲ့သည့် သုတေသန များ၏ ရလဒ်များ" စသည့် အကြောင်းအရာများကို လည်း ဆွေးနွေးတင်ပြကြသည်။



မွန်းလွဲပိုင်းတွင် ဆေးသုတေ သနဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးနှင့် သုတေသနမှူးများ၊ တပ်မတော် ဆေးတက္ကသိုလ်မှ အထွေထွေသမားတော်နှင့် ဘွဲ့လွန် သင်တန်းသားများ၊ အမျိုးသား ကျန်းမာရေးဓာတ်ခွဲခန်းမှ အဏုဇီဝ ဗေဒအတိုင်ပင်ခံ ဆရာဝန်၊ နေပြည် တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံ ကြီးမှ အဏုဇီဝဗေဒဆိုင်ရာအတိုင် ပင်ခံ ဆရာဝန်ကြီးတို့က သုတေ သနစာတမ်းများ ဖတ်ကြားတင် သွင်းကြရာ တက်ရောက်လာသူ များက မေးမြန်းဆွေးနွေးအကြံပြု ကြကြောင်း သိရသည်။**သတင်းစဉ်**



# ပုသိမ်ကြီးမြို့မဈေး၌ မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်

**ပုသိမ်ကြီး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့မဈေး အတွင်း ဇန်နဝါရီ ၂၁ ရက်က မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်မှု ပြုလုပ်ရာ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဝေယံမင်းနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ မြို့မဈေး၌ မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကာ ခရိုင်မီးသတ်ဦးစီးမှူး နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ထို့နောက် ဈေးအတွင်းကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ သရုပ်ပြ လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (ဒေါ်နယ်ထရမ့်၏ ဂရင်းလန် အိပ်မက်)

**ကိုကိုလှိုင်**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ကျမ်းသစ္စာကျိန်ဆိုပွဲအပြီးတွင် ဒေါ်နယ်ထရမ့်သည် ကံကြမ္မာတစ်ကြော့ပြန်၍ (၄၇)ဆက်မြောက် အမေရိကန်သမ္မတ ဖြစ်လာခဲ့လေပြီ။ နေရာတိုင်းလိုလိုတွင် ပွဲဆူအောင်လုပ်ကိုင်ပြောဆိုတတ်သည့် ထရမ့်သည် သမ္မတအဖြစ် တာဝန်မယူမီကပင် သူ၏သမ္မတသက်တမ်းအတွင်း ဆောင်ရွက်လိုသည့် ကိစ္စများကို အမြည်းသဘောမျိုးထုတ်ဖော်ပြောဆိုလာခဲ့ရာ ပထဝီနိုင်ငံရေးနှင့်ပတ်သက်၍ ကမ္ဘာ့မြောက်ဖျားစွန်းရှိ ဂရင်းလန်ကျွန်းအား ဒိန်းမတ်နိုင်ငံထံမှ ဝယ်ယူရေး (သို့မဟုတ်) အင်အားသုံး ရယူရေး၊ အလယ်အမေရိကရှိ ပနားမားတူးမြောင်းအား ပြန်လည်ရယူရေး၊ အိမ်နီးချင်း မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့အား အမေရိကန်နိုင်ငံ၏ ပြည်နယ်အသစ်များအဖြစ် သိမ်းသွင်းရေးဟူသည့် ထူးထူးခြားခြား စိတ်ကူးစိတ်သန်းများ ပါရှိခဲ့သည်။

ယေဘုယျအားဖြင့် ထရမ့်၏ စိတ်ကူးများမှာ ယနေ့ခေတ်တွင် ဖြစ်နိုင်ဖွယ်မရှိသော ကိစ္စများဖြစ်ပြီး ကြောင်စီစီနိုင်လှသည်ဟု ဝေဖန်သူများလည်း ရှိခဲ့ကြသည်။ သို့ရာတွင် ထရမ့်၏ ပြောဆိုချက်များနောက်ကွယ်တွင် ထူးခြားလေးနက်သော နောက်ခံအကြောင်းတရားများလည်း ရှိနေကြောင်း သေချာစွာလေ့လာထားသူအချို့က ထောက်ပြခဲ့ကြသည်။

ဒေါ်နယ်ထရမ့်၏ ပြောဆိုချက်များသည် သူ၏ ကြွေးကြော်သံဖြစ်သော အမေရိကန်ကို ကြီးကျယ်ခမ်းနားသော နိုင်ငံကြီးအဖြစ်ပြန်လည်ထူထောင်ရေး **"Make America Great Again"** အတိုကောက်အားဖြင့် MAGA လမ်းစဉ်နှင့် ထင်ဟပ်လျက်ရှိသည်။ သို့ရာတွင် ကမ္ဘာ့မြောက်ဖျားစွန်းဒေသ အာတိတ်စက်ဝိုင်း၌ရှိနေပြီး မြေမျက်နှာပြင်၏ ၈၀ ရာခိုင်နှုန်းကဆယ့်နှစ်ရာသီပတ်လုံး ရေခဲထုကြီး ဖုံးလွှမ်းနေသော ဂရင်းလန်ကျွန်းက ထရမ့်၏ MAGA လမ်းစဉ်နှင့် မည်သို့မည်ပုံ ဆက်စပ်နေသည် ဆိုခြင်းမှာမူ သာမန်အားဖြင့် အတော်အတန်နားလည်ရခက်မည့် အနေအထားရှိနိုင်ပါသည်။ ဤကိစ္စအလို့ငှာ ဂရင်းလန်ကျွန်း၏ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး အနေအထားကို သေချာစွာသိရှိနားလည်ရန် လိုအပ်ပေလိမ့်မည်။




**ဂရင်းလန်ကျွန်း၏ ပထဝီဝင် နောက်ခံအခြေအနေ**

ဂရင်းလန်ကျွန်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော ကျွန်းကြီးဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၈၃၆၃၂၆ မိုင်ရှိသည်။ မြန်မာနိုင်ငံ၏ အကျယ်အဝန်းထက် သုံးဆကျော် ကြီးမားသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် ကျွန်း၏ သုံးပုံနှစ်ပုံမှာ ကမ္ဘာ့မြောက်ဘက်စွန်း အာတိတ်စက်ဝိုင်းအတွင်း၌ ရှိနေပြီး မြေဧရိယာ၏ ၈၀ ရာခိုင်နှုန်းမှာ ရေခဲပြင်ထုကြီး ဖုံးလွှမ်းနေသည်။ ရေခဲပြင်၏ ပျမ်းမျှထုမှာ မီတာ ၁၅၀၀ ခန့်ရှိပြီး အထူဆုံးနေရာတွင် မီတာ ၃၀၀၀ (နှစ်မိုင်ခန့်)ထူထဲသည်။ အပူချိန်မှာ နွေရာသီတွင် ကျွန်းတောင်ပိုင်း၌ ပျမ်းမျှ ၇ ဒီဂရီစင်တီဂရိတ်ရှိပြီး မြောက်ဘက်ခြမ်းတွင် ၄ ဒီဂရီစင်တီဂရိတ်ရှိသည်။ ဆောင်းရာသီ၌မူ ကျွန်းတောင်ပိုင်းတွင် -၇ ဒီဂရီစင်တီဂရိတ်နှင့် မြောက်ပိုင်းတွင် -၃၄ ဒီဂရီစင်တီဂရိတ်ရှိသည်။

ကျွန်းပေါ်ရှိလူဦးရေမှာ ၂၀၂၄ ခုနှစ် ခန့်မှန်းခြေအရ ၅၆၈၀၀ ရှိပြီး လူဦးရေတိုးနှုန်းမှာ သုည ရာခိုင်နှုန်းဖြင့် ရပ်တန့်နေသည်။ လူအများစု ၉၀ ရာခိုင်နှုန်းကျော်မှာ အီညူ(အက်စကီမိုး)လူမျိုးများဖြစ်သည်။ မြို့နေလူတန်းစား အများစု ၈၀ ရာခိုင်နှုန်းကျော်ဖြစ်ပြီး အသက် ၁၅ နှစ်အထက် စာတတ်မြောက်မှု ရာနှုန်းပြည့်ဖြစ်သည်။ လူဦးရေ၏ထက်ဝက်ကျော်မှာ အစိုးရဝန်ထမ်းများဖြစ်ကြသည်။ ကိုယ်ပိုင်လုပ်ငန်းအဖြစ် ငါးဖမ်းခြင်းနှင့် ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ကြသည်။ တစ်ဦးကျဝင်ငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကျော်ရှိသည့်အတွက် ကြွယ်ဝသည်ဟုဆိုနိုင်သည်။ သို့ရာတွင် ထိုသို့ကြွယ်ဝခြင်းမှာ ကျွန်းသားတစ်ဦးချင်း၏ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရှာဖွေမှုကြောင့်ထက် ကျွန်း၏သဘာဝသယံဇာတများကို အစိုးရအစီအစဉ်ဖြင့် ရောင်းချမှုများမှ အစိုးရ၏ ထောက်ပံ့ငွေရရှိမှုကြောင့်ဖြစ်သည်။ စင်စစ်၌ ဂရင်းလန်ကျွန်းသည် အပြင်ဘက်အခွံ၌ ရေခဲများ ဖုံးလွှမ်းနေသော သဘာဝသယံဇာတ ရတနာသိုက်ကြီး ဖြစ်လေသည်။

**ပထဝီစီးပွားရေးအနေအထား**

ကမ္ဘာ့ခေါင်မိုးပေါ်ရှိ ဂရင်းလန်ကျွန်းသည် အဖိုးတန်သဘာဝသယံဇာတ မြောက်မြားစွာ တည်ရှိနေပြီး ယနေ့ထက်တိုင် များများစားစား တူးဖော်ထုတ်ယူရခြင်း မရှိသေးသည့် အရိုင်းမြေ(Virgin Soil) ဖြစ်သည်။ စူးစမ်းလေ့လာမှုများအရ ဂရင်းလန်ကျွန်းတွင် ယနေ့ခေတ်စားနေသည့် မြေရှားဒြပ်စင်များ၊ ရွှေ၊ ကြေးနီ၊ ဂရက်ဖိုက်၊ သံ၊ ကျောက်မီးသွေး၊ ကျောက်မျက်၊ ယူရေနီယံ၊ လစ်သီယံ၊ ပလက်တီနမ်၊ တိုက်တေနီယမ်၊ မိုလစ်ဘ်ဒီနမ် စသည့် တွင်းထွက်များနှင့် ကုန်းတွင်း၊ ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များလည်း ပမာဏကြီးမားစွာ တည်ရှိသည်ဟု ဆို၏။

မြေရှားဒြပ်စင်နှင့် ပတ်သက်၍ စူးစမ်းလေ့လာမှုများအရ ဂရင်းလန်တွင် မြေရှားသယံဇာတတန်ချိန် တစ်သန်းခွဲခန့်ရှိနိုင်သည်ဟု ဆိုသည်။ ဥရောပကော်မရှင်၏ ပူးတွဲသုတေသနစာတမ်းတစ်ခု၏ အဆိုအရ ဂရင်းလန်ရှိ မြေရှားသယံဇာတအရင်းအမြစ်များသည် တူးဖော်ထုတ်လုပ်နိုင်သော မြေရှားသယံဇာတ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းနီးပါးရှိပြီး ကမ္ဘာပေါ်တွင် ရှိသမျှ မြေရှားအရင်းအမြစ် ပမာဏအားလုံး၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်ဟုဆို၏။

ဂရင်းလန်၏ ကမ္ဘာ့အဆင့်မီ မြေရှားဒြပ်စင် ထုတ်လုပ်နိုင်မှုအလားအလာမှာ လက်ရှိ ကမ္ဘာ့ဝယ်လိုအား၏ ၂၅ ရာခိုင်နှုန်းခန့်အထိ ဖြည့်ဆည်းပေးနိုင်ဖွယ်ရာရှိသည်ဟု ဆိုသည်။

ဂရင်းလန်၏ မြေရှားအရင်းအမြစ်သည် တရုတ်မြေရှားဒြပ်စင်များအပေါ် မှီခိုနေရသော အမေရိကန်အတွက် အလွန်အရေးပါသော ထွက်ပေါက်ဖြစ်နေသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့မြေရှားထုတ်လုပ်မှုကို လွှမ်းမိုးထားနိုင်သည့် နိုင်ငံဖြစ်၏။ ကမ္ဘာ့မြေရှားဒြပ်စင်ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို တရုတ်ကထုတ်လုပ်ခြင်းဖြစ်ပြီး မြေရှားဒြပ်စင်များ သန့်စင်မှု၏ ၉၅ ရာခိုင်နှုန်းမှာလည်း တရုတ်နိုင်ငံက ဆောင်ရွက်နေခြင်းဖြစ်သည်။

ကမ္ဘာ့မြေရှားဒြပ်စင်တင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းကိုလည်း တရုတ်နိုင်ငံက တင်ပို့ခြင်းဖြစ်ပြီး တရုတ်တင်ပို့မှုအားလုံး၏ ၇၀ ရာခိုင်နှုန်းမှာလည်း အမေရိကန်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်လေသည်။ မြေရှားဒြပ်စင်များမှာလည်း ယခုခေတ်စားလျက်ရှိသည့် လျှပ်စစ်မော်တော်ယာဉ်များ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ လက်ကိုင်ဖုန်း စသည့်အီလက်ထရွန်နစ်ပစ္စည်းများတွင် မရှိမဖြစ်လိုအပ်သည့် သတ္တုများဖြစ်သည်။

အမေရိကန်နှင့် တရုတ်အကြား အနာဂတ်ကမ္ဘာကြီးကို စိုးမိုးနိုင်ရေး အားပြိုင်မှုတွင် လက်ရှိအနေအထားအရ ဉာဏ်ရည်တု AI နည်းပညာအတွက် မရှိမဖြစ်လိုအပ်သော ခေတ်မီအဆင့်မြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း (Super Chip) ထုတ်လုပ်မှု၌ အမေရိကန်နှင့် ယင်း၏ အနောက်အုပ်စုဝင်များက သာလွန်လျက်ရှိသည်။ ထိုအကဲသာမှုကို ထိန်းသိမ်းနိုင်ရန်အတွက် Super Chip ထုတ်လုပ်သည့် နည်းပညာပိုင်ဆိုင်သော နိုင်ငံလေးခု (Chip 4) စုပေါင်း၍ တရုတ်ထံသို့ ထိုနည်းပညာ မရောက်ရှိစေရေး ပိတ်ဆို့ထားရန် အမေရိကန်က ဖိအားပေးကြိုးပမ်းလျက်ရှိသည်။

အပြန်အလှန်အားဖြင့် တရုတ်ကလည်း ထိုအဆင့်မြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ထုတ်လုပ်ရာတွင် မဖြစ်မနေအသုံးပြုရသည့် မြေရှားဒြပ်စင်နှင့် အခြားအရေးပါသော ရှားပါးသတ္တုများကို အမေရိကန်သို့ တင်ပို့ခြင်းမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ပိတ်ပင်တားမြစ်ခဲ့သည်။ တရုတ်က ပိတ်ပင်တားမြစ်ခဲ့သည့် သတ္တုများတွင် အဆင့်မြင့်တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်ရေးတွင် မရှိမဖြစ်အရေးပါသော ဂါလီယမ်(Gallium)၊ ဂျာမေနီယံ(Germanium)နှင့် စစ်လက်နက်ပစ္စည်းများအတွက် အရေးပါသော အင်တီမိုနီ(Antimony)နှင့် ဂရက်ဖိုက် (Graphite)တို့လည်း ပါဝင်ခဲ့သည်။

ထိုသို့သောပစ္စည်းများမှာ နိုင်ငံတိုင်း၏ အမျိုးသားလုံခြုံရေးအတွက်အသက်တမျှအရေးကြီးသော ကုန်ပစ္စည်းများ (Critical Goods)ဖြစ်ကြသည်။ ထိုပစ္စည်းများကို နိုင်ငံလုံခြုံရေးအတွက် အစဉ်အမြဲလုံလောက်စွာ ဝယ်ယူထုတ်လုပ် သိုလှောင်ထားကြရလေ့ရှိသည်။ ယခုကဲ့သို့ တရုတ်နှင့် အမေရိကန်တို့အကြား သေရေးရှင်ရေးသဖွယ်ဖြစ်သော မဟာဗျူဟာအားပြိုင်မှုတွင် ဤသို့သော အရေးကြီးသတ္တုများ မဖြစ်မနေရရှိရေးမှာ အမေရိကန်အတွက် အထူးလိုအပ်လျက်ရှိရာ အဆိုပါသတ္တုများရရှိနိုင်ရေးအတွက် ယင်းသယံဇာတ အရင်းအမြစ်ကြွယ်ဝလှသော ဂရင်းလန်အား လက်ဝယ်ပိုင်ပိုင် ရယူနိုင်ရေးမှာ အမေရိကန်အတွက် မရှောင်လွှဲနိုင်သည့် လိုအပ်ချက် ဖြစ်လာနေတော့သည်။

**ပထဝီနိုင်ငံရေးအနေအထား**

ကမ္ဘာ့ခေါင်မိုး မဟာဗျူဟာ အချက်အချာနေရာတွင် တည်ရှိသော ဂရင်းလန်ကျွန်း၏ တည်နေရာမှာလည်း ပထဝီနိုင်ငံရေးအရ အထူးအရေးပါလျက်ရှိသည်။ အထူးသဖြင့် အာတိတ်စက်ဝိုင်း၏ တစ်ဖက်တစ်ချက် ကမ္ဘာ့မြောက်ခြမ်းတွင် ရပ်တည်နေကြသော အာရှနှင့် ဥရောပတိုက် မြောက်ဘက်စွန်းမှ ရုရှားနှင့် အမေရိကတိုက် မြောက်ပိုင်းကို လွှမ်းမိုးထားသော အမေရိကန်တို့၏ သမိုင်းကြောင်းနှင့် မျက်မှောက်ကာလအားပြိုင်မှုတို့တွင် ဂရင်းလန်မှာ အရေးပါသော မဟာဗျူဟာ ခြေကုပ်ဖြစ်နေလေသည်။

*စာမျက်နှာ ၁၁ သို့*

**ကမ္ဘာ့ခေါင်မိုး မဟာဗျူဟာ အချက်အချာနေရာတွင်တည်ရှိသော ဂရင်းလန်ကျွန်း၏ တည်နေရာမှာလည်း ပထဝီနိုင်ငံရေးအရ အထူးအရေးပါလျက်ရှိသည်။ အထူးသဖြင့် အာတိတ်စက်ဝိုင်း၏ တစ်ဖက်တစ်ချက် ကမ္ဘာ့မြောက်ခြမ်းတွင် ရပ်တည်နေကြသော အာရှနှင့်ဥရောပတိုက် မြောက်ဘက်စွန်းမှ ရုရှားနှင့် အမေရိကတိုက်မြောက်ပိုင်းကို လွှမ်းမိုးထားသော အမေရိကန်တို့၏ သမိုင်းကြောင်းနှင့် မျက်မှောက်ကာလအားပြိုင်မှုတို့တွင် ဂရင်းလန်မှာ အရေးပါသော မဟာဗျူဟာခြေကုပ်ဖြစ်နေလေသည်**

*စာမျက်နှာ ၁၀ မှ*

စင်စစ်၌ ဂရင်းလန်ကို အမေရိကန်တို့က ဝယ်ယူလိုသည်မှာ ယခုမှ မဟုတ်ပေ။ အမေရိကန်က အလာစကာနယ်မြေကို ရုရှားတို့ထံမှ ၁၈၆၀ ပြည့်လွန်နှစ်များတွင် ဝယ်ယူခဲ့သည့် ကာလတစ်ဝိုက်ကပင် အမေရိကန်သမ္မတ အင်ဒရူးဂျွန်ဆင်က ၁၈၆၇ ခုနှစ်တွင် ဂရင်းလန်ကျွန်းကို ဝယ်ယူရန် ကြိုးပမ်းခဲ့ဖူးသည်။ အလားတူပင် ၁၉၁၀ ပြည့်နှစ်ကလည်း အမေရိကန်သမ္မတ ဝီလျံတက်ဖ်က ဝယ်ယူရန် ကြိုးစားခဲ့ဖူးသကဲ့သို့ ၁၉၄၆ ခုနှစ် (ဒုတိယကမ္ဘာစစ်ပြီးစကာလ)တွင် အမေရိကန်သမ္မတ ဟယ်ရီထရူးမင်းက ဒိန်းမတ်ထံမှ ဂရင်းလန်ကို ဝယ်ယူရန် ကမ်းလှမ်းခဲ့ဖူးသည်။

ရှေ့ပိုင်းက ကမ်းလှမ်းမှုများမှာ ဂရင်းလန်၏ စီးပွားရေးအလားအလာအပေါ် မူတည်သော်လည်း ထရူးမင်း၏ ကမ်းလှမ်းမှုမှာမူ မဟာဗျူဟာလုံခြုံရေးအပေါ် ပို၍မူတည်လေသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တပ်ဖွဲ့များက ဥရောပတစ်နံတစ်လျားကို သိမ်းပိုက်ခဲ့ရာ ဒိန်းမတ်နိုင်ငံက ဂရင်းလန်ကျွန်းကို ဂျာမန်တို့ အပိုင်စီးမသွားနိုင်စေရန် အမေရိကန်တို့ကို အကူအညီတောင်းခဲ့သည်။ အမေရိကန်တို့က ၁၉၄၁ ခုနှစ်မှစ၍ ဂရင်းလန်ကျွန်းပေါ်တွင် လေတပ်စခန်း အများအပြားကို စတင်ဆောက်လုပ်၍ တပ်စွဲထားခဲ့သည်။ ဂျာမန်တို့ စစ်ရှုံးပြီး ၁၉၄၅ ခုနှစ်တွင် ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားသည့်နောက်ပိုင်း၌ အမေရိကန်နှင့် ဆိုဗီယက်ရုရှားတို့အကြား တင်းမာမှုများ မြင့်တက်လာခဲ့ပြန်ရာ မြောက်အမေရိကတိုက်နှင့် ဥရောပ/ အာရှတိုက် မြောက်ပိုင်းဒေသနှစ်ခု၏ စပ်ကြားနယ်မြေဖြစ်သော ဂရင်းလန်မှာ မဟာဗျူဟာအရ အရေးပါလာပြန်သည်။ ထို့ကြောင့်လည်း သမ္မတ ထရူးမင်းက ဂရင်းလန်ကျွန်းကို အသည်းအသန် ရယူလိုခဲ့ခြင်းဖြစ်၏။

အမေရိကန်တို့က ဂရင်းလန်ကျွန်းကို အပိုင်ဝယ်ယူ၍ မရခဲ့သော်လည်း စစ်အေးတိုက်ပွဲကာလတစ်လျှောက်လုံးမှသည် ယနေ့ကာလတိုင်အောင် ဂရင်းလန်၌ မဟာဗျူဟာ လေတပ်အခြေစိုက်စခန်း (ထူလီအာကာသသိပ္ပံ လေ့လာရေးစခန်း)ကို ဒိန်းမတ်နိုင်ငံနှင့် ညှိနှိုင်း၍ ဆက်လက်ထားရှိခဲ့သည်။ အမေရိကန်မှ တာဝေးကင်းထောက်လေယာဉ်များနှင့် မဟာဗျူဟာ ဗုံးကြဲလေယာဉ်ကြီးများသည် ဂရင်းလန်ကျွန်းကို ဖြတ်ကျော်၍ ပျံသန်းခဲ့ကြသကဲ့သို့ B-36၊ B-47၊ B-52 မဟာဗျူဟာဗုံးကြဲလေယာဉ်ကြီးများလည်း အလှည့်ကျ အခြေစိုက်ကာ ကမ္ဘာ့ခေါင်မိုးကောင်းကင်ပေါ်၌ စဉ်ဆက်မပြတ် ပျံဝဲစိုးမိုးခဲ့ကြသည်။

ဆိုဗီယက်က အမေရိကန်သို့ တိုက်ချင်းပစ်ဒုံးပျံများ ပစ်လွှတ်ပါက ခရီးအတိုဆုံး လမ်းကြောင်းသည် ဂရင်းလန်ကျွန်းပေါ်မှဖြတ်၍ ပျံသန်းခြင်းဖြစ်ရာ ဆိုဗီယက်တိုက်ချင်းပစ်ဒုံးပျံများကို ခုခံကာကွယ်ရန် တာဝေးထောက်လှမ်းရေး အာရုံခံစနစ်များကိုလည်း အမေရိကန်တို့က ဂရင်းလန်ကျွန်းတွင် ချထားခဲ့သည်။ ထို့အပြင် ဆိုဗီယက်နယ်မြေအတွင်းသို့ ပစ်လွှတ်တိုက်ခိုက်နိုင်သည့် Iceman ခေါ် ရေခဲပြင်အခြေစိုက် တိုက်ချင်းပစ် ဒုံးပျံအစင်း ၅၀၀ ကိုလည်း ဂရင်းလန် ရေခဲထုအတွင်း လိုဏ်ခေါင်းတူး၍ ချထားရန် ဆောင်ရွက်ခဲ့ဖူးသည်။ ရွေ့လျားနေသော ရေခဲထုလွှာများကို ထိန်းချုပ်ရန် အလွန်ခက်ခဲသည့်အတွက် ၁၉၆၇ ခုနှစ်တွင် လက်လျှော့ခဲ့ရသည်ဟု ဆိုသည်။ ၁၉၆၈ ခုနှစ်တွင် အဏုမြူဗုံးများပါရှိသည့် မဟာဗျူဟာဗုံးကြဲလေယာဉ်တစ်စင်း ဂရင်းလန်တွင် ပျက်ကျသွားသည့်နောက်ပိုင်းတွင် ယင်းသို့သော မဟာဗျူဟာ ဗုံးကြဲလေယာဉ်များ ဂရင်းလန်ကျွန်း၌ ထားရှိခြင်းကို ရုပ်သိမ်းခဲ့ရသည်။ သို့သော်လည်း ယနေ့ကာလတိုင်အောင် ဂရင်းလန်ကျွန်းရှိ ထူလီလေတပ်စခန်း၌ အမေရိကန် F 35 ဘက်စုံသုံး တိုက်လေယာဉ်များ ထားရှိနေဆဲဖြစ်သည်။

ဤသို့ မဟာဗျူဟာအရ အရေးပါမှုကြောင့်လည်း သမ္မတထရမ့်က ဂရင်းလန်ကျွန်းကို အသည်းအသန် ရယူလိုခြင်းဖြစ်ပြီး သူ၏ ပထမသမ္မတသက်တမ်းကာလအတွင်းကပင် ဂရင်းလန်ကျွန်းကို ဝယ်ယူနိုင်ရေးအတွက် ကြိုးပမ်းခဲ့ခြင်းဖြစ်၏။

> **❝ မည်သို့ပင်ဖြစ်စေ တရုတ်ကို မဟာဗျူဟာအရ အဓိကပြိုင်ဘက်အဖြစ် မှတ်ယူထားသည့် သမ္မတဒေါ်နယ်ထရမ့်အတွက်မူ ဂရင်းလန်ကျွန်းနှင့် အာတိတ်ဒေသသို့ တရုတ်တို့ ပိုမိုထိုးဖောက်ချဉ်းကပ်လာခြင်းကို မည်သို့မျှ နှစ်မြို့နိုင်မည်မဟုတ်ပေ။ ထို့ကြောင့်လည်း ဂရင်းလန်ကျွန်းကို မရ-ရသည့် နည်းဖြင့် ရယူမည်ဟု ကြုံးဝါးပြောဆိုနေခြင်းဖြစ်၏။ ကနေဒါနိုင်ငံမှာလည်း ဂရင်းလန်နှင့် အမေရိကန်အကြား စပ်ကြားနယ်မြေဖြစ်နေလေရာ ကနေဒါကို အမေရိကန်ပြည်ထောင်စုအတွင်း သွတ်သွင်းနိုင်ပါက မြောက်ဝင်ရိုးစွန်းမှ အလယ်အမေရိကတိုင်အောင် အနောက်ကမ္ဘာခြမ်းတစ်ခုလုံး၏ မြောက်ပိုင်းတစ်ပိုင်းလုံးကို အမေရိကန်က မောင်ပိုင်စီးနိုင်လိမ့်မည် ဖြစ်လေသည်။ ဤသည်ပင် ပထဝီနိုင်ငံရေးအရ ထရမ့်၏ မဟာအမေရိကန် နယ်ပယ်ချဲ့ထွင်ရေး (Pax Americana) MAGA စိတ်ကူးဟု ရှုမြင်ရပေသည် ❞**

**တရုတ်နိုင်ငံနှင့် ဂရင်းလန်ကျွန်း**

တရုတ်နိုင်ငံသည် ဂရင်းလန်ကျွန်းနှင့် အာတိတ်ဒေသအပေါ် အထူးစိတ်ဝင်စားမှုရှိခဲ့သည်။ ယင်းမှာ ဂရင်းလန်ကျွန်း၏ သယံဇာတကြွယ်ဝမှုနှင့် အာတိတ်ဒေသ၏ မဟာဗျူဟာအရ အရေးပါမှုတို့ကြောင့် ဖြစ်လေသည်။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် မြောက်ဝင်ရိုးစွန်း၌ ရေခဲပျော်မှုမြင့်တက်လာလေရာ ဂရင်းလန်ကျွန်း၌ တည်ရှိနေသော ရေခဲပြင်ထု လျော့ပါးလာသည်နှင့်အမျှ ကုန်းမြေထုအတွင်း တည်ရှိနေသော တွင်းထွက်သယံဇာတများ ရှာဖွေတူးဖော်ထုတ်လုပ်ရေး အခွင့်အလမ်းများလည်း ပိုမိုပေါ်ပေါက်လာသည်။

တရုတ်တို့က ၂၀၁၀ ပြည့်လွန်နှစ်မှစ၍ ဂရင်းလန်ကျွန်းတွင် ရင်းနှီးမြှုပ်နှံမှုများ စတင်လုပ်ဆောင်ခဲ့ရာ တရုတ်အစိုးရပိုင်လုပ်ငန်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အခြားနိုင်ငံများမှ လုပ်ငန်းများနှင့် ဖက်စပ်လုပ်ဆောင်မှုများဖြင့် ဂရင်းလန်နိုင်ငံ၏ သတ္တုတူးဖော်မှု၊ အခြေခံအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ရေး စသည့်လုပ်ငန်းများကို လုပ်ဆောင်လာခဲ့သည်။ ဂရင်းလန်တွင် တရုတ်တို့ ပါဝင်နေသော စီးပွားရေးလုပ်ငန်းကြီး ငါးခုရှိရာ ကျွန်း၏မြောက်ပိုင်းတွင် ၂၀၁၄ ခုနှစ်မှစ၍ တရုတ်အစိုးရပိုင် Non-Ferrous Metal ကုမ္ပဏီက ဩစတြေးလျ သတ္တုတွင်းကုမ္ပဏီ Ironbank နှင့် တွဲဖက်၍ သွပ်နှင့် ခဲထုတ်လုပ်မှုလုပ်ငန်း၊ ကျွန်းအနောက်ဘက်ကမ်းခြေတွင် တရုတ်ပုဂ္ဂလိကပိုင် General Nice ကုမ္ပဏီက ၂၀၁၅ ခုနှစ်မှစ၍ သံရိုင်းထုတ်လုပ်မှုလုပ်ငန်း၊ ကျွန်းအရှေ့ဘက်ကမ်းခြေတွင် တရုတ်ပုဂ္ဂလိကကုမ္ပဏီ Jiangxi Zhongrun က Nordic Mining ကုမ္ပဏီနှင့် ပူးတွဲ၍ ၂၀၀၈ ခုနှစ်တွင် ကြေးနီတူးဖော်ထုတ်လုပ်မှုလုပ်ငန်း၊ ကျွန်းတောင်ပိုင်းတွင် တရုတ်ဒေသန္တရအစိုးရပိုင် Shenghe ကုမ္ပဏီက ၂၀၁၆ ခုနှစ်မှစ၍ မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်း၊ ဂရင်းလန်ကျွန်း၏ မြို့တော်ဖြစ်သော နူးခ်မြို့ နိုင်ငံတကာလေဆိပ် အဆင့်မြှင့်တင်ရေးလုပ်ငန်း (တရုတ်အစိုးရပိုင် CCCC ကုမ္ပဏီကို မူလက ရွေးချယ်လျာထားမှုတွင် ပါဝင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဒိန်းမတ်ကုမ္ပဏီကသာ တာဝန်ယူလုပ်ဆောင်ခဲ့သည်)တို့ ဖြစ်ကြသည်။ ထို့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးတွင်လည်း တရုတ်ကုမ္ပဏီကြီး နှစ်ခုက ပါဝင်လုပ်ဆောင်လျက်ရှိသည်။

၂၀၀၉ ခုနှစ်တွင် ဂရင်းလန်ကျွန်းသည် ဒိန်းမတ်နိုင်ငံထံမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိခဲ့ရာ စီးပွားရေးလုပ်ငန်းများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပိုမိုရရှိလာပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ရာ အရင်းအနှီး တောင့်တင်းသော တရုတ်တို့ကို ဂရင်းလန်ကိုယ်တိုင်က လိုလိုလားလား ဖိတ်ခေါ်ခဲ့ခြင်းဖြစ်လေသည်။

တရုတ်တို့ကလည်း ဂရင်းလန်ကျွန်းအပါအဝင် အာတိတ်ဒေသနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်တွင် စက္ကူဖြူစာတမ်းတစ်ရပ် ထုတ်ပြန်၍ ယင်း၏ သဘောထားကို လူသိရှင်ကြား ထုတ်ပြန်ခဲ့ပြီး ဖြစ်၏။ အဆိုပါ စက္ကူဖြူစာတမ်းအရ တရုတ်နိုင်ငံသည် အာတိတ်သမုဒ္ဒရာနှင့် မထိစပ်သော်လည်း အာတိတ်နှင့် နီးစပ်သောနိုင်ငံ Near Artic State တစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာတိတ်ဒေသစီမံခန့်ခွဲမှုကိစ္စနှင့်ပတ်သက်၍ တက်ကြွစွာ ပါဝင်လျက်ရှိကြောင်း၊ အာတိတ်ဒေသ၏ ကြွယ်ဝလှသော သဘာဝ သယံဇာတများကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ ဆင်ဆင်ခြင်ခြင် ထုတ်ယူအသုံးပြုသင့်သည်ဟူသော အမြင်ကို ထောက်ခံကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာသည့် အာတိတ်ဒေသ၏ ရေလမ်းကြောင်းများ အရေးပါမှုကို အလေးထားကြောင်း၊ တရုတ်တို့၏ ရပ်ဝန်းပိုးလမ်းမ အစီအစဉ်တွင် မြောက်ဝင်ရိုးစွန်း ပိုးလမ်းမ Polar Silk Road အဖြစ် ထည့်သွင်းမည်ဖြစ်ကြောင်း စသည်ဖြင့် ပါရှိခဲ့သည်။

ထို့ကြောင့် တရုတ်တို့အနေဖြင့် ကမ္ဘာ့ကုန်ထုတ်စက်ရုံကြီးအဖြစ် ဆက်လက်ရပ်တည်နိုင်ရန်၊ အဆင့်မြင့် နည်းပညာသုံးစက်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုအပ်သည့် ကုန်ကြမ်းသတ္တုတွင်းထွက်များ လုံလောက်စွာ ရရှိနိုင်ရေးအတွက် ဂရင်းလန်ကျွန်းမှ ထွက်ရှိမည့် သယံဇာတများကို ရယူလိုသကဲ့သို့ အရှေ့ကမ္ဘာခြမ်းမှ အနောက်သို့ ကုန်ပစ္စည်းများကို အတိုဆုံးလမ်းကြောင်းမှ ပို့ဆောင်နိုင်ရေးအတွက် အာတိတ်ဒေသ မြောက်ဝင်ရိုးစွန်း ရေလမ်းကြောင်း ( North Pole Sea Route – NSR) ကို ထိရောက်စွာ အသုံးချလိုသည်မှာ ထင်ရှားနေလေသည်။

တရုတ်စီးပွားရေးပညာရှင်အချို့၏ ခန့်မှန်းချက်အရ တရုတ်ကုန်စည်များကို NSR မှတစ်ဆင့် တင်ပို့နိုင်လျှင် ကုန်စည်ပို့ဆောင်ခ ဒေါ်လာဘီလီယံ ၆၀ မှ ၁၂၀ ခန့်အထိ နှစ်စဉ်သက်သာသွားနိုင်သည်ဟု ဆိုသည်။ ထို့အပြင် တောင်တရုတ်ပင်လယ်မှ အိန္ဒိယသမုဒ္ဒရာ၊ မြေထဲပင်လယ်တို့ကိုဖြတ်၍ တောင်ဘက်မှ ပတ်သွားရမည့် ရေလမ်းကြောင်းပေါ်ရှိ မလက္ကာရေလက်ကြား၊ ပင်လယ်နီနှင့် စူးအက်တူးမြောင်း စသည့် ပုလင်းလည်ပင်း (Bottle-neck Choke Point) နေရာများမှ ပိတ်ဆို့ခံရမည့် အန္တရာယ်၊ ပင်လယ်ဓားပြအန္တရာယ် စသည့် ရေကြောင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ရှောင်ရှားနိုင်မည် ဖြစ်လေသည်။

**အနာဂတ်အလားအလာ**

မည်သို့ပင်ဖြစ်စေ တရုတ်ကို မဟာဗျူဟာအရ အဓိကပြိုင်ဘက်အဖြစ် မှတ်ယူထားသည့် သမ္မတဒေါ်နယ်ထရမ့်အတွက်မူ ဂရင်းလန်ကျွန်းနှင့် အာတိတ်ဒေသသို့ တရုတ်တို့ ပိုမိုထိုးဖောက်ချဉ်းကပ်လာခြင်းကို မည်သို့မျှ နှစ်မြို့နိုင်မည် မဟုတ်ပေ။ ထို့ကြောင့်လည်း ဂရင်းလန်ကျွန်းကို မရ-ရသည့် နည်းဖြင့် ရယူမည်ဟု ကြုံးဝါးပြောဆိုနေခြင်းဖြစ်၏။ ကနေဒါနိုင်ငံမှာလည်း ဂရင်းလန်နှင့် အမေရိကန်အကြား စပ်ကြားနယ်မြေဖြစ်နေလေရာ ကနေဒါကို အမေရိကန်ပြည်ထောင်စုအတွင်း သွတ်သွင်းနိုင်ပါက မြောက်ဝင်ရိုးစွန်းမှ အလယ်အမေရိကတိုင်အောင် အနောက်ကမ္ဘာခြမ်းတစ်ခုလုံး၏ မြောက်ပိုင်းတစ်ပိုင်းလုံးကို အမေရိကန်က မောင်ပိုင်စီးနိုင်လိမ့်မည် ဖြစ်လေသည်။ ဤသည်ပင် ပထဝီနိုင်ငံရေးအရ ထရမ့်၏ မဟာအမေရိကန် နယ်ပယ်ချဲ့ထွင်ရေး (Pax Americana) MAGA စိတ်ကူးဟု ရှုမြင်ရပေသည်။

ထရမ့်၏ နယ်မြေချဲ့ထွင်ရေးစိတ်ကူးမှာ ၂၀ ရာစုအစပိုင်းက ပေါ်ထွန်းခဲ့သည့်ပညာရှင် Friedrich Ratzel ၏ ပထဝီနိုင်ငံရေးဆိုင်ရာ Organic Theory ကို ပြန်လည်ကျင့်သုံးနေသည့်ပုံရှိသည်ဟု လေ့လာသူအချို့က ဆိုကြသည်။ Ratzel ၏ သီအိုရီအကျဉ်းချုပ်မှာ နိုင်ငံများသည် သက်ရှိသတ္တဝါများ ရှင်သန်ရေးနှင့် ခွန်အားရှိရေးအတွက် အစာစားသကဲ့သို့ နယ်မြေများကိုရယူချဲ့ထွင်၍ အင်အားတိုးချဲ့ရမည်ဟူသော အယူအဆဖြစ်သည်။ ယခုလည်း ထရမ့်၏ နယ်မြေချဲ့ထွင်ရေးအယူအဆကို Ratzel ၏ နောက်လိုက်တစ်ဦးဖြစ်သည့် ဟစ်တလာနှင့် နှိုင်းယှဉ်၍ ဟစ်တလာပုံစံပေါက်နေသော ထရမ့်ရုပ်ပုံ ရေးဆွဲသရော်မှုများလည်း ပေါ်ပေါက်လာသည်။

သို့သော်လည်း ထရမ့်၏ ဂရင်းလန်အိပ်မက်မှာ လက်တွေ့ဖော်ဆောင်ရန် ခက်မည့်သဘောရှိ၏။ နေတိုးစစ်စာချုပ်အဖွဲ့ဝင် အချင်းချင်းဖြစ်သော ဒိန်းမတ်ကို စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်၍ ဂရင်းလန်ကို အင်အားသုံးရယူရန်မှာ မဖြစ်နိုင်သလောက်ရှိသည်။ ငွေကြေးဖြင့် ဝယ်ယူရန်မှာလည်း **"ဂရင်းလန်သည် ရောင်းရန်မဟုတ်"**ဟု ဒိန်းမတ်ဝန်ကြီးချုပ်က ကြေညာထားသောကြောင့် အလားအလာ နည်းလှသည်။

အခြားတစ်ဖက်တွင်မူ ဂရင်းလန်ကျွန်းသားများ၏ သဘောဆန္ဒက အဓိကကျသည်။ ၂၀၀၉ ခုနှစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဥပဒေအရ ဂရင်းလန်ကျွန်းသားများက လူထုသဘောထားဆန္ဒ ခံယူပွဲကျင်းပ၍ ဂရင်းလန်၏ အနာဂတ်ကို ဆုံးဖြတ်ခွင့်ရှိသည်။ ထို့ကြောင့် ဂရင်းလန်ကျွန်းသားများက ဒိန်းမတ်ထံမှ ခွဲထွက်၍ လွတ်လပ်ရေးရယူလိုက်လျှင် အမေရိကန်နှင့် ပေါင်း/မပေါင်း ဆုံးဖြတ်ရန်မှာ လူဦးရေ ခြောက်သောင်းအောက်သာရှိပြီး ကမ္ဘာ့အကြီးဆုံးကျွန်းကြီးကို ပိုင်ဆိုင်သော ဂရင်းလန်သားများ၏ သဘောထားသက်သက်မျှ ဖြစ်သွားပေလိမ့်မည်။ ထိုမျှနည်းပါးသော လူဦးရေဖြင့် ထိုမျှကြီးမားသော ကျွန်းကြီးကို ထိန်းချုပ်ကာကွယ်နိုင်ရန်မှာ မဖြစ်နိုင်သလောက်ရှိသည်။ ထို့အပြင် လက်ရှိအခြေအနေတွင်လည်း အမေရိကန်စစ်စခန်းက ဂရင်းလန်ကျွန်းပေါ်၌ ရှိနေသည်။ အကယ်၍သာ ဂရင်းလန်ကျွန်းသားများကို မက်လောက်သည့် စီးပွားရေးနှင့် ကာကွယ်ရေး မက်လုံးများပေးကာ ဆွဲဆောင်စည်းရုံးနိုင်လျှင်မူ ထရမ့်၏ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ကောင်း ဖော်နိုင်ဖွယ်ရှိပေသည်။

လက်သွက်သော ထရမ့်ကလည်း သမ္မတအဖြစ် ကျမ်းသစ္စာမကျိန်ဆိုမီကပင် သားဖြစ်သူ ဂျူနီယာ ထရမ့်ကို သူ၏ကိုယ်ပိုင်လေယာဉ်ကြီးဖြင့် ဂရင်းလန်သို့စေလွှတ်ကာ ကျွန်းသားများနှင့်ထိတွေ့ဆွေးနွေးစေခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ဂရင်းလန်သည် အမေရိကန်ပိုင်နက်နယ်မြေအဖြစ် တရားဝင် ဖြစ်မလာနိုင်သေးသည့်တိုင်အောင် အမေရိကန်တို့၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအရ စောင့်ရှောက်ခံဘဝသို့ ပုံစံတစ်မျိုးမျိုးဖြင့် တဖြည်းဖြည်း ရောက်ရှိလာရန် အလားအလာမှာကား နီးစပ်နိုင်သည်ဟု ကောက်ချက်ချတင်ပြအပ်ပါသတည်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Polytechnic University(Kyaing Tong)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ) သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Polytechnic University (Kyaing Tong) Faculty of Computing သို့ ရောက်ရှိပြီး သင်ကြားသင်ယူဆောင်ရွက်နေသည့် စာသင်ခန်းများနှင့် လက်တွေ့ခန်းများကိုလည်းကောင်း၊ ICT နည်းပညာများကိုအသုံးပြု၍ LMS စနစ်ဖြင့် သင်ကြားသင်ယူမှုဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူဆောင်ရွက်နေကြသော သုတေသနပရောဂျက်များကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ Polytechnic University (Kyaing Tong) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (ကျိုင်းတုံ)၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက Polytechnic University သည် ဘာသာရပ်နယ်ပယ်စုံလင်စွာ ပေါင်းစည်းပို့ချသည့်နေရာတစ်ခုဖြစ်ပြီး ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများ၊ သုတေသနလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်သည့်နေရာတစ်ခုဖြစ်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက်သင်ကြားပို့ချပေးသည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လက်တွေ့ကျသည့် ပညာရေးကို သင်ကြားပို့ချပေးရန်၊ ခေတ်မီနည်းပညာနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ပေးရန်၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် Real World Project များဆောင်ရွက်နိုင်သည့်အခွင့်အလမ်းနှင့် လုပ်ငန်းခွင်အတွေ့အကြုံများ ရရှိနိုင်သောအခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် လက်တွေ့ကျကျ လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက်သင်ကြားပို့ချပေးရန် လိုအပ်ကြောင်း မှာကြားသည်။



ထို့နောက် Polytechnic University(Kyaing Tong)ရှိ သင်ကြားသင်ယူဆောင်ရွက်နေသည့် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံနှင့် ဘာသာရပ်ဌာနအလိုက် သင်ထောက်ကူပစ္စည်းများ စီစဉ်ထားရှိမှုများ၊ ဘောလုံးကွင်း တည်ဆောက်နေမှုနှင့် ကျောင်းသား ကျောင်းသူများ၏ ခင်းကျင်းပြသထားသောပရောဂျက်များကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်းပေါ်ရှိ ရစ်ဝတံတားတည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွက် ဒေသထွက်ကုန်များ တင်ပို့ခြင်းအတွက် အရေးပါသည့် လမ်းမကြီးတစ်ခုဖြစ်၍ လမ်းအရည်အသွေးကောင်းမွန်ခြင်းနှင့် တံတားများ၏ အရည်အသွေးများ ကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် တံတားကမ်းကပ်ခုံများ ရေတိုက်စားမှုဒဏ်ကာကွယ်ရေးစနစ်များ ထည့်သွင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဝမြို့နယ် အုန်းနဲ့ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးကျော်ဝင်း၏ အသားစားကြက်ကောင်ရေ ၆၀၀၀ အောင်မြင်စွာ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုပြီး ဥစားကြက် တိုးချဲ့မွေးမြူရန်၊ သဘာဝရေပြင်ပေါများသည့် ဒေသဖြစ်၍ ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ဇီဝလုံခြုံရေးအထူးဂရုစိုက်မွေးမြူရန်နှင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်ထုတ်လုပ်သုံးစွဲနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကဝမြို့နယ် ဖွဲဘာကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်းစံပြကွက်ဧက ၅၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ကဝမြို့နယ်သည် ပဲမျိုးစုံစိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်၍ မြေလပ်မရှိ စိုက်ပျိုးသွားရန်နှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျ ရောစပ်ကြဲပက်ရန် မှာကြားပြီး ဒေသခံတောင်သူများအတွက် အသီးအပွင့်အားဆေးများ ပေးအပ်ခဲ့သည်။ ထို့နောက် ကဝမြို့နယ်အတွင်း ရေဝင်ရောက်မှုလျော့နည်းသက်သာစေရေး ဘုမ္မစိုး ရေထုတ်မြောင်း တူးဖော်ပေးနိုင်ရေး တွက်ချက်တင်ပြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကဝမြို့နယ် ကျားတက်ကျေးရွာရှိ လုပ်ငန်းရှင် ဒေါ်သန်းသန်းဖြူ၏ ရိုးရာရက်ကန်းလုပ်ငန်း၌ အမျိုးသမီးလုံချည်နှင့် တိုင်းရင်းသားရိုးရာအထည်များ ရက်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး အထည်ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် ကိုယ်ပိုင်တံဆိပ်ဖြင့် ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ရရှိနိုင်ရေး၊ ရက်ကန်းနည်းပညာသစ်များရရှိနိုင်ရေးနှင့် ကျေးရွာအတွင်းရှိ ရက်ကန်းလုပ်ငန်းများကို အစုအဖွဲ့ဖွဲ့စည်း၍ ဈေးငွေရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ရှုံးနိမ့်နေရာမှ ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲကစားချိန် ၄၅ မိနစ်တွင် ဟာကီမီက ပီအက်စ်ဂျီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပီအက်စ်ဂျီအသင်းက အုပ်စုပွဲစဉ် ခုနစ်ပွဲကစားပြီးချိန်တွင် ရမှတ် ၁၀ မှတ်ဖြင့် နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး အခွင့်အရေးကောင်းပိုင်ဆိုင်ခဲ့သည်။ ပြိုင်ဘက်မန်စီးတီးအသင်းက ရှစ်မှတ်သာ ရရှိထားသေးသည့်အတွက် လာမည့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် မဖြစ်မနေရလဒ်ကောင်း ရရှိမှသာ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး မျှော်လင့်နိုင်မည်ဖြစ်သည်။

ချန်ပီယံလိဂ် အုပ်စုပွဲစဉ် (၇) မှ အခြားပွဲစဉ်ရလဒ်များတွင် လိုက်ပ်ဇစ်က စပို့တင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရှက်တာဒိုးနက်က ဘရက်စ်ကို နှစ်ဂိုး-ဂိုးမရှိ၊ အေစီမီလန်က ဂျီရိုနာကို တစ်ဂိုး-ဂိုးမရှိ၊ အာဆင်နယ်က ဒိုင်နမိုဇာဂရက်ကို သုံးဂိုး-ဂိုးမရှိ၊ ဆဲလ်တစ်က ယန်းဘွိုင်းစ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဖီယင်နူက ဘိုင်ယန်မြူးနစ်ကို သုံးဂိုး-ဂိုးမရှိ၊ ရီးရဲမက်ဒရစ်က ဆောလ်ဘတ်ကို ငါးဂိုး-တစ်ဂိုး၊ အင်တာမီလန်က စပါတာကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ကြသည်။ **အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# မြစ်ကြီးနားမြို့ရှိ ပဋ္ဌိပတ္တိမာမကကျောင်းတိုက်မှ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပဋ္ဌိပတ္တိမာမကကျောင်းတိုက်မှ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းခြင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ပဋ္ဌိပတ္တိမာမက ကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘားအံမြို့၌ အမျိုးသမီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ဘားအံ ဇန်နဝါရီ ၂၃**

ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသမီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းကို ဇန်နဝါရီ ၂၂ ရက်က ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာအောင်က အမှာစကားပြောကြား ပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ သစ်တောဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနများမှ သင်တန်းနည်းပြများက သင်ခန်းစာများပို့ချပေးခဲ့ရာ သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အောင်သီဟရပ်ကွက်၊ သဇင်လမ်း၊ ဧ-၁၂၇ တွင် ပါတီရုံးချုပ်တည်ရှိသော **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၁-၁-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)၏ အလံပုံစံ**




**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။



ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက” ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” သည် ယခုအသက်နှစ်နှစ် ခြောက်လသားအရွယ်တွင် အရပ်အမြင့် လေးပေ ကိုးလက်မ၊ ကိုယ်လုံးလုံးပတ် ခုနစ်ပေ လေးလက်မ၊ ကိုယ်အလေးချိန် ၁၄၇၄ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” သည် ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training” ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၉ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ ၊ စုစုပေါင်း ၆၉ ပါတီ ရှိပြီဖြစ်သည်။ ယခု လျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ် ပျံချီကျေးရွာ “သီရိအလင်းရောင်” စာကြည့်တိုက်နှင့် ပန်းတင်ကျေးရွာ “ရွှေပန်းတင်”စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

နေပြည်တော် လယ်ဝေးမြို့နယ် ပျံချီကျေးရွာ “သီရိအလင်းရောင်”စာကြည့်တိုက်နှင့် ပန်းတင်ကျေးရွာ “ရွှေပန်းတင်” စာကြည့်တိုက်အဆောက်အအုံအသစ် ဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာစာကြည့်တိုက်မျက်နှာစာများ၌ ကျင်းပရာ နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ “သီရိအလင်းရောင်” နှင့် “ရွှေပန်းတင်” စာကြည့်တိုက်အဆောက်အအုံအသစ်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်နှင့် ကျေးရွာရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်ပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ MRTV DTH စလောင်းနှင့် MRTV DVB– T2 Set Top Box တစ်စုံစီကိုလည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကာ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုတင်ဆက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီး စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်က “စာထဲကအရသာ” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၂၀ ကို ကျောင်းတာဝန်ခံ ဆရာမဒေါ်စန္ဒာသန်းထံ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် စာအုပ်များနှင့် အားကစားပစ္စည်းများကို မြို့နယ်ပညာရေးမှူး ဦးအောင်လွင်ထံလည်းကောင်း ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နေပြည်တော် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

## မဟာအောင်မြေမြို့နယ်၌ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများ ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁)ရပ်ကွက် မြို့တော်ဆေးရုံ(City Hospital) ရှိ ဝန်ထမ်း ၁၀၀ အား ဇန်နဝါရီ ၂၃ ရက်တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်က လက်တွေ့မီးသတ်ဆေးဘူးအသုံးပြု ငြိမ်းသတ်ခြင်းများကို သင်ကြားပေးခြင်းနှင့် မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အမေရိကန်တောင်ပိုင်း နယ်စပ်လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားမည်

ဝါရှင်တန် ဇန်နဝါရီ ၂၃

**အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက နိုင်ငံတောင်ပိုင်းနယ်စပ်ဒေသကို ဘေးကင်းလုံခြုံအောင် တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားလိုက်သည်။**

အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက မက္ကဆီကိုနယ်စပ်လုံခြုံစေရန် တပ်ဖွဲ့ဝင် ၁၅၀၀ စေလွှတ်သွားမည်ဖြစ်ကြောင်းနှင့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို နေရပ်ပြန်လည် ပို့ဆောင်နိုင်ရေးအတွက် လေယာဉ်များ ကူညီပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တာဝန်ထမ်းဆောင်သည့် ပထမဆုံးနေ့တွင် တောင်ပိုင်းနယ်စပ်ကို နိုင်ငံ့အရေးပေါ်အခြေအနေကြေညာခဲ့ပြီး အဆိုပါအရေးကိစ္စကို တုံ့ပြန်ဆောင်ရွက်သွားရန် ကာကွယ်ရေးဝန်ကြီးဌာနကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဆန်ဒီယာဂို၊ ကယ်လီဖိုးနီးယား၊ တက္ကဆက်ပြည်နယ် အယ်လ်ပါဆိုတို့တွင် ထိန်းသိမ်းခံထားရသည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၅၀၀၀ ကျော်ကို နေရပ်ပြန်ပို့နိုင်ရေးအတွက် စစ်လေယာဉ်များ စေလွှတ်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် တရားမဝင်နယ်စပ်ဖြတ်ကျော်မှုများနှင့် ဥပဒေနှင့်ဆန့်ကျင်သည့် ကုန်ကူးမှုများကို တားဆီးရန် အတားအဆီးများ တည်ဆောက်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

အမေရိကန်သမ္မတထရမ့်၏ ထိပ်တန်းဦးစားပေးကိစ္စရပ်များထဲမှ တစ်ခုသည် အမေရိကန်ကို နောက်တစ်ကြိမ် ဘေးကင်းအောင် လုပ်ဆောင်ရန်ဖြစ်သည်။ သမ္မတထရမ့်သည် အမေရိကန် နယ်စပ်ဒေသများကို လုံခြုံအောင်လုပ်ဆောင်ပြီး အမေရိကန်လူမှုအသိုက်အဝန်းကို ကာကွယ်ပေးရန် ကတိပြုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




## ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက ဖမ်းဆီးထားသည့် ကုန်တင်သင်္ဘောပေါ်မှ သင်္ဘောသားများကို ဟူသီသူပုန်များ ပြန်လွှတ်ပေး

**ဆားနား ဇန်နဝါရီ ၂၃**

ယီမင်နိုင်ငံမှ ဟူသီသူပုန်များသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက ပင်လယ်နီတွင် ဖမ်းဆီးထားသည့် ကုန်တင်သင်္ဘောပေါ်မှ အမှုထမ်းများကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၂ ရက်တွင် ကြေညာသည်။

ဟူသီသူပုန်များသည် ဟားမားစ်အပါအဝင် အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ Galaxy Leader သင်္ဘောအမှုထမ်းများကို ပြန်လွှတ်ပေးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**အပစ်အခတ်ရပ်စဲရေး ထောက်ခံသည့်အနေဖြင့် လုပ်ဆောင်**

ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ထောက်ခံသည့်အနေဖြင့် ယခုလိုလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဟူသီသူပုန်များက ပြောသည်။

အဆိုပါကြေညာချက်သည် သင်္ဘော လွှဲပြောင်းပေးမည်ဟု ကြေညာခြင်း မဟုတ်ချေ။ အဆိုပါသင်္ဘောကို ဂျပန်ပင်လယ်ရေကြောင်းကုမ္ပဏီ နီပွန်ယုဆန်ကုမ္ပဏီက ပိုင်ဆိုင်ခြင်းဖြစ်ပြီး အင်န်ဝိုင်ကေလိုင်းဟု လူသိများသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်၍ ဟူသီသူပုန်များသည် ဟားမားစ်တို့နှင့် ချစ်ကြည်ရင်းနှီးမှုကိုပြသသည့်အနေဖြင့် အစ္စရေးဘက်သို့ ဒုံးကျည်များဖြင့် ပစ်လွှတ်ခြင်းအပါအဝင် အခြားသော တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် ပင်လယ်နီတွင် ဖြတ်သန်းသွားလာသည့် သင်္ဘောများကို စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် သံသယရှိသူ ၂၇၉၅ ဦးကို တူကီယဲရဲတပ်ဖွဲ့က ဖမ်းဆီး

**အင်ကာရာ ဇန်နဝါရီ ၂၃**

တူကီယဲနိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးရောင်းဝယ်မှုကို တိုက်ဖျက်ရေးလုပ်ငန်းများပြုလုပ်ရာ သံသယရှိသူ ၂၇၉၅ ဦးကို တူကီယဲရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီခါရာက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

နာခိုခါပန် - ၉ ဟု အမည်ပေးထားသည့် အဆိုပါစစ်ဆင်ရေးတွင် ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး တစ်တန်ကျော်နှင့် မူးယစ်ဆေးဝါးဆေးပြား ၁၃ ဒသမ ၈ သန်းကို သိမ်းဆည်းခဲ့ကြောင်း လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ဝန်ကြီး ယာလီခါရာက ပြောကြားသည်။

တူကီယဲနိုင်ငံအတွင်း ပြည်နယ် ၇၇ ခုတွင် အဖွဲ့ ၄၁၉၂ ဖွဲ့၊ လူပေါင်း ၁၀၄၈၀၊ ရဟတ်ယာဉ်များနှင့် မူးယစ်ဆေးဝါးများကို ရှာဖွေရန် လေ့ကျင့်ပေးထားသည့် ခွေး ၉၈ ကောင်တို့ဖြင့် စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

## မာလာဝီနိုင်ငံ၌ မိုးကြိုးပစ်ခြင်းအပါအဝင် သေဆုံးသူပေါင်း ၃၁ ဦးရှိ

**လီလောင်းဝီ ဇန်နဝါရီ ၂၃**

မာလာဝီနိုင်ငံ၌ နိုဝင်ဘာလအစောပိုင်းမှစကာ မိုးရာသီကာလအတွင်း လူပေါင်း ၃၁ ဦး သေဆုံးပြီး အိမ်ထောင်စု ၃၁၄၁၃ စု ရေဘေးသင့်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မာလာဝီနိုင်ငံ၌ မိုးရာသီကာလအတွင်း မိုးကြိုးပစ်ခြင်းကြောင့် ၂၀ ဦးသေဆုံးပြီး မုန်တိုင်း တိုက်ခတ်ခြင်းကြောင့် အဆောက်အအုံပြိုကျသဖြင့် ကိုးဦး သေဆုံးကြောင်း နိုင်ငံ၏ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (ဒီအိုဒီအမ်အေ) က ဇန်နဝါရီ ၂၁ ရက် နောက်ဆုံးထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရသည်။

အလားတူ မာလာဝီနိုင်ငံ၌ ပြီးခဲ့သည့် ဒီဇင်ဘာ ၃ ရက်က သဘာဝဘေးကြောင့် ၁၁ ဦး သေဆုံးပြီး အိမ်ထောင်စု ၁၀၈၃၃ ဦးမှာ ထိခိုက်ခံစားခဲ့ရသည့် ပမာဏထက် သိသိသာသာတိုးလာကြောင်း သိရသည်။ ဒဏ်ရာရရှိသူ စုစုပေါင်းမှာလည်း ၇၉ ဦးမှ ၃၈၂ ဦးအထိ တိုးလာကြောင်း နိုင်ငံ၏ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆိုသည်။

အဆိုပါသေဆုံးသူအရေအတွက်မှာ ဒီဇင်ဘာလလယ်အတွင်း အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ချီဒိုကြောင့် သေဆုံးသူ ၁၃ ဦးနှင့် ဒဏ်ရာရရှိသူ ၂၉ ဦး မပါဝင်သေးကြောင်း သိရသည်။

နိုင်ငံ၏ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်းပြီး သဘာဝဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးအကူအညီများ ပေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**





## အိန္ဒိယနိုင်ငံ၌ ရထားမတော်တဆမှုကြောင့် သေဆုံးသူ ၁၃ ဦး ရှိလာ

**နယူးဒေလီ ဇန်နဝါရီ ၂၃**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ရှ် ထရာပြည်နယ်၌ ရထားမတော်တဆဖြစ်မှုကြောင့် သေဆုံးသူ ၁၃ ဦးရှိလာသည်ဟု ဇန်နဝါရီ ၂၃ ရက်တွင် ရဲများက ပြောသည်။

အဆိုပါ မတော်တဆမှုကြောင့် ၁၅ ဦး ဒဏ်ရာရရှိပြီး ၎င်းတို့ထဲမှ ၁၀ ဦးမှာ ဆေးရုံတက်ကာ ဆေးကုသမှုခံယူနေရသည်ဟု သိရသည်။

သေဆုံးသူ ၁၃ ဦးအနက် ရှစ်ဦး၏ အမည်စာရင်းကိုသာ ရဲများက ဖော်ပြနိုင်သေးသည်။

ရထားအတွင်း မီးလောင်မှုအချက်ပေးသံကြိုးဆွဲသည့် ဖြစ်ရပ်ကြောင့် ခရီးသည်အချို့ ရထားပေါ်မှဆင်းပြေးမှု ဇန်နဝါရီ ၂၂ ရက်က ဖြစ်ပွားခဲ့သည်။

၎င်းတို့ကို မွမ်ဘိုင်းမြို့အရှေ့မြောက်ဘက် ၄၂၅ ကီလိုမီတာအကွာ ဂျယ်ဂါအွန်ခရိုင်ဘက်ကလာသော အခြားရထား တစ်စင်းက ဖြတ်တိုက်သွားခဲ့သည်။

ရဲများ၏ ကနဦးစစ်ဆေးမှုအရ ရထား၏ အချက်ပေးသံကြိုးကိုတစ်စုံတစ်ယောက်က ဆွဲလိုက်ပြီးနောက် ရထားရုတ်တရက်ရပ်တန့်သွားသည်။

ရထားအတွင်း မီးလောင်မှုဖြစ်ပွားမည်ကို စိုးရိမ်သဖြင့် ခရီးသည် အများအပြားသည် ကပ်လျက်ရှိ ရထားလမ်းပေါ်သို့ ပြေးဆင်းကြသည်။

ထိုစဉ် အခြားရထားတစ်စင်းမှ ဖြတ်တိုက်သွားခြင်း ဖြစ်သည်။

မဟာရက်ရှ် ထရာပြည်နယ် ဝန်ကြီးချုပ် ဒီဗန်ဒရာဖတ်နာဗစ်သည် မတော်တဆဖြစ်ရပ်အတွင်း သေဆုံးမှုအပေါ် ဝမ်းနည်းကြေကွဲကြောင်းနှင့် သေဆုံးသူများအတွက် ငွေကြေးအကူအညီများ ပေးမည်ဟု ကြေညာခဲ့သည်။

**ဆင်ဟွာ**




## ၂၃ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅,၄၅၀,၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄ - ၁ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၀ | ၃၂၆၅ | ၃၂၀၀ | ၃၀၄၅ | ၃၂၅၀ | ၃၂၈၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၀၅ | ၃၄၈၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၃၉၅၀ |
| 95 Ron | ၃၂၀၀ | ၃၃၀၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၉၆၅ | ၂၉၀၀ | ၂၈၄၅ | ၂၈၀၀ | ၂၉၀၅ | ၃၀၀၀ | ၃၀၂၀ | ၂၈၃၅ | - | ၃၂၃၀ | ၂၈၅၅ | ၂၈၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၁၀ | ၃၂၇၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၈၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၈၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၀၉ |
| HSD (500 ppm) | ၂၇၀၁ | ၂၇၈၆ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ၂၃ - ၁ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၀၀၀ | ၂၆၂ | ၂၀၇၅၇၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၂ | ၆၃၀၀ |
| MCB | ၈၄၀၀ | ၈၂၀၀ | ၇ | ၅၈၆၀၀ |
| FPB | ၁၉၀၀ | ၁၈၅၀ | ၂၈၉၈ | ၅၄၀၆၂၀၀ |
| TMH | ၃၂၀၀ | ၃၂၀၀ | ၂၅၀ | ၈၀၀၀၀၀ |
| EFR | ၁၆၅၀ | ၁၆၅၀ | ၆၅ | ၁၀၇၂၅၀ |
| AMATA | ၄၀၀၀ | ၄၂၀၀ | ၁၀၀၆ | ၄၁၂၃၂၀၀ |
| MAEX | ၃၂၀၀ | ၃၂၅၀ | ၄၀၁ | ၁၂၉၃၂၅၀ |
| MADPL (PLB) | ၃၀၅၀ | ၃၀၅၀ | ၀ | ၀ |



## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ကျိုင်းတုံ ဇန်နဝါရီ ၂၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် တာချီလိတ်မြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦး၊ ပြည်နယ်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာလင်း၊ ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ ကျိုင်းတုံမြို့နယ် ကပ်တောင်-ဝမ်ပတ်-ဟိုရမ်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ပန်ကွဲ-လွိုင်မွေလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ မိုင်းဖြတ်မြို့နယ် ပောင်ပာင်-နမ့်ကုန်း-အင်ပါကူလမ်း ကျောက်ခင်းခြင်းလုပ်ငန်း၊ ယမ်းခမ်း-ဝမ်လုံး-မကာလမ်းပေါ်ရှိ ကွန်ကရစ်တံတား ပေ ၆၀ တည်ဆောက်ခြင်းလုပ်ငန်း၊ တာချီလိတ်မြို့နယ် ဆန်ဆိုင်းမြို့ပတ်လမ်း ပြုပြင်ခြင်းလုပ်ငန်းနှင့် လွယ်တော်ခမ်းတံတား ပြန်လည်ပြုပြင်နေမှုတို့ကို ဇန်နဝါရီ ၂၂ ရက်က ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးနိုင်ရေး မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## မိုးနဲမြို့နယ် ပန်အူ - စက်တော်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မိုးနဲ ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်(မူလ) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော နားခံကျေးရွာအုပ်စု ပန်အူ-စက်တော်လမ်း မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ဇန်နဝါရီ ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးဝင်းကျော်မျိုးနှင့် တာဝန်ရှိသူများက ပန်အူ-စက်တော်လမ်း မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ လင်းခေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဆွေဆွေနွယ်က လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်က လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သည်။

အဆိုပါ ပန်အူ-စက်တော်လမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်(မူလ) ခွင့်ပြုရန်ပုံငွေ ပထမလမ်းပိုင်း ၆ ဒသမ ၅ ဖာလုံ၊ ဒုတိယလမ်းပိုင်း ၆ ဒသမ ၅ ဖာလုံ စုစုပေါင်း ၁ မိုင် ၅ ဖာလုံကို လမ်းပိုင်းတစ်ခုစီအတွက် ငွေကျပ် ၁၁၇ ဒသမ ၁၁၇ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီတို့က ၁၆ ပေအကျယ် ၆ လက်မဒုကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မန္တလေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မန္တလေး ဇန်နဝါရီ ၂၃**



မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအနက် မြို့နယ်သုံးခုမှလုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၂ ရက်က လုပ်ငန်းဆောင်ရွက်နေမှုများကို သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးရေး ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းစစ်ဆေးခြင်းကို စဉ့်ကိုင်မြို့နယ်၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်တွင် ဆောင်ရွက်ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မြင့်သန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီရန်လိုအပ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို မတ် ၁၅ ရက်အတွင်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ ကြည့်ရှုစစ်ဆေးခဲ့သည့်လုပ်ငန်းများမှာ စဉ့်ကိုင်မြို့နယ် ရွာဘိုကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် အာစီစီကွန်ကရစ်ပိုင်အခြေပြု ကျောက်စီတမံ ပေ ၈၀၀ နှင့် မကျည်းကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် အာစီစီပိုင်အခြေပြု ကျောက်စီတမံ ပေ ၅၀၀ လုပ်ငန်း၊ ကင်းလက်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် ဘိုးပိုင်အခြေပြု ကျောက်စီတမံ ပေ ၇၀၀ တို့ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် အမရပူရမြို့နယ် ဖရဲကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် အာစီစီပိုင်အခြေပြုကွန်ကရစ်ပြားကပ်တမံဖြင့် ပေ ၇၀၀၊ တံတားဦးမြို့နယ် မုန့်တီစုကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် အာစီစီပိုင်အခြေပြုကျောက်စီတမံဖြင့် အလျား ပေ ၁၀၀၀ နှင့် ပန်းယုကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် အာစီစီပိုင်အခြေပြု ကျောက်စီတမံဖြင့် ပေ ၅၀၀ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၃**

အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့က စက်ရုံများအရောက် Mobile Training Bus ဖြင့် ဇန်နဝါရီ ၂၁ ရက်မှ စတင်ကာ ရွာသာကြီးစက်ရုံရှိ အထည်ချုပ်စက်ရုံလေးရုံသို့ ကွင်းဆင်းဟောပြောဆွေးနွေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဒဂုံမြို့သစ်ခရိုင်ရုံးလက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဦးစီးအရာရှိ ဦးအောင်မြတ်သူတို့က ခုနှစ်အလိုက် အလုပ်ရုံများအက်ဥပဒေ၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ၊ အခကြေးငွေပေးချေရေးဥပဒေတို့ပါ အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေး ဟောပြောဆွေးနွေးကြောင်း သိရသည်။

**နေမျိုးအောင်(ဒဂုံတောင်)**



## ရွှေပြည်သာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဇန်နဝါရီ ၂၂ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦးက မူခင်းကျဆင်းရေး အသိပညာပေးဟောပြော၍ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းဇော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူ ခုနစ်ဦးအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာဦးကြည်လွင်သိန်းတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ်ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်ဆိုရှယ် မီဒီယာ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။




**မြို့နယ်(ပြန်/ဆက်)**

## အလုပ်ခွင်ထိခိုက်မှုကြောင့် ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရွှေလင်ပန်းစက်မှုဇုန်ရှိ ထွန်းသော်တာအအေးခန်းစက်ရုံမှ အာမခံအလုပ်သမား ဒေါ်မြတ်ပန်းဝေသည် အလုပ်တွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ပေးအပ်သည့်အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်က ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိက အလုပ်ရှင်၊ အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်းအတွက် နာရေးစရိတ် ကျပ် ၇၂၀၀၀၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၇၂၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၇၉၂၀၀၀၀ ကို ခင်ပွန်းဖြစ်သူထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သုံးခွမြို့နယ်၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၃**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်နေသည့် ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၂ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ လက်ပံ-နန်းခလဲ-စစ်ကိုင်းစုနှင့် သရောတောကျေးရွာ ဆက်သွယ်သည့် လမ်းအကျယ် ၂၂ ပေ ရရှိစေရန် ၀/၆မိုင်အတွင်း မြေကြီးလုပ်ငန်းဆောင်ရွက်မှုနှင့် (၀/ ၆ မိုင် x ၁၈ ပေx ၈ လက်မ) ဂဝံလမ်းခင်းခြင်းလုပ်ငန်း ခွင့်ပြုငွေကျပ် ၁၇၈ ဒသမ ၇၇၀သန်းဖြင့် ဆောင်ရွက်နေသည့် ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် အဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

ဆက်လက်၍ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီမှ တာဝန်ရှိသူများကို ကျေးလက်လမ်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးအေးမွန်က ဂဝံလမ်းခင်းရာတွင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေး၊ သတ်မှတ်ရက်ပြီးစီးရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**



## ကန်ကြီးထောင့်မြို့နယ်၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကန်ကြီးထောင့် ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် KG ကျောင်းသားကျောင်းသူများအား ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၂ ရက်က တကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများက KG ကျောင်းသား ကျောင်းသူ ၆၆ ဦးတို့အား လက်ကိုဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောသန့်စင်ပေးပြီး အသားဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ် စသည်တို့ပါဝင်သော အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာများကို ကျွေးမွေးခဲ့ကြသည်။ အဆိုပါ ကျွေးမွေးရာနေရာသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မာလွင်နှင့်အဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများက သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## National ICT Awards 2024 နောက်ဆုံးအဆင့် ပြိုင်ပွဲကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၃

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် National ICT Awards 2024 (Educational Project & Skills Competition)နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဇန်နဝါရီ ၂၁ရက်နှင့် ၂၂ ရက်တွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်များနယ်မြေရှိ MICT Park ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက်တွင် အလယ်တန်း၊ အထက်တန်း၊ ဆရာ ဆရာမနှင့် ပညာရေးဝန်ထမ်းအဆင့်အလိုက် ပြိုင်ပွဲဝင်များက ပရောဂျက် Presentation များဖြင့်ယှဉ်ပြိုင်ခဲ့ကြပြီး ဇန်နဝါရီ ၂၂ ရက်တွင် မူလတန်းအဆင့်ပြိုင်ပွဲဝင်များက လက်တွေ့ဆောင်ရွက်ခြင်း (Skills Competition) ကို ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲဗဟိုအဆင့်တွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ အလယ်တန်းအဆင့် ပြိုင်ပွဲဝင် ၁၂ ဖွဲ့၊ အထက်တန်းအဆင့်ပြိုင်ပွဲဝင် ကိုးဖွဲ့၊ ဆရာ ဆရာမ၊ ပညာရေးဝန်ထမ်းအဆင့် ပြိုင်ပွဲဝင် ခြောက်ဖွဲ့၊ မူလတန်းအဆင့်ပြိုင်ပွဲဝင် ၂၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုပေးပွဲ အခမ်းအနားကို မတ်လတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(မြန်/ဆက်)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်



ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံစာကြည့်တိုက် ပညာသင်တန်းကို ဇန်နဝါရီ ၂၂ ရက်က လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခြေခံစာကြည့်တိုက် ပညာသင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးတင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမဥ္ဇူက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများမှ သင်တန်းတက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိများက စာကြည့်တိုက်လက်စွဲပါ အခြေခံစာကြည့်တိုက်ပညာ ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၂ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**

## ရွှေဘိုသူနာပြုသင်တန်းကျောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ရွှေဘို ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်မီးသတ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း မီးဘေးလုံခြုံစေရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများကို ဇန်နဝါရီ ၂၂ ရက်က ရွှေဘိုသူနာပြုသင်တန်းကျောင်း၌ ပြုလုပ်ရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မြတ်တိုးနှင့် ဝန်ထမ်းများက မီးဘေးအသိ မီးဘေးသတိရှိစေရေး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ပေးနေမှုနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများအကြောင်းနှင့် အသုံးပြုပုံများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ခေတ်မီစက်ကိရိယာပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။



ဆက်လက်ပြီး ခရိုင်/မြို့နယ်မီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုနှင့်အတူ တပ်ဖွဲ့ဝင် ၁၉ ဦး၊ သင်တန်းသား သင်တန်းသူများက မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**



## ကံမမြို့နယ် စစ္စရံ-ပေပင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

ကံမ ဇန်နဝါရီ ၂၃

သရက်ခရိုင် ကံမမြို့နယ်ရှိ စစ္စရံ-ပေပင်လမ်း (၀/၇)မိုင်ကို မြေသားတာပေါင် ချဲ့၍ ထပ်ပိုးလွှာ ဒု ရှစ်လက်မခင်းခြင်း၊ အကျယ် ၃ ဒသမ ၆၆ မီတာကတ္တရာလမ်းခင်းခြင်း၊ လမ်းပခုံးတည်ဆောက်ခြင်း လုပ်ငန်းကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းလမ်းပိုင်းကို ကံမမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၃၂၂ ဒသမ ၄၃၇သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**သီဟစည်သူ**

## ကျိုက်ထိုမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ကျိုက်ထို ဇန်နဝါရီ ၂၃

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျိုက်ထိုမြို့နယ်အတွင်း ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသည့် ဘိုရားကြီးကျေးရွာ အနောက်ကွက်သစ်လမ်း ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း (၃၈၀ ပေx ၁၂ ပေ x ၆ လက်မ)နှင့် ကော့ထင်းကျေးရွာ သဃ်န်းပင်လမ်း ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း (၃၈၀ ပေ x ၁၂ ပေ x ၆ လက်မ)လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက ဇန်နဝါရီ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများက ဦးဆောင်၍ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာ တတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**၂၂၂**

## ရမည်းသင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး

ရမည်းသင်း ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းမီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးနှင့် ဖြစ်ပွားလာပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အတွက် ရမည်းသင်းမြို့ မြို့မရပ်ကွက်ကြီး ပန်းတိမ်ရပ်ကွက်အတွင်း လျှပ်စစ်မီးကြိုးများစစ်ဆေးခြင်း၊ မီးငြိမ်းသတ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှုတို့ကို ဇန်နဝါရီ ၂၂ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး သက်ကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**



## လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုစစ်ဆေး

လင်းခေး ဇန်နဝါရီ ၂၃

လင်းခေးခရိုင်ကွပ်ကဲမှုလက်အောက်ရှိ လင်းခေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပုန်းထွန်ကျေးရွာအဝင်လမ်းကို လမ်းအရှည် ၆ ဒသမ ၁၂၈ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ၁၅ လက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(နေပြည်တော်-ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးဝင်းကျော်မျိုး၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးမောင်မောင်မိုးဝင်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးရာ လင်းခေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဆွေဆွေနွယ်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်ဝစွာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလမ်းအား ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေကျပ် ၃၀၄ ဒသမ ၅၀၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်ခဲ့ရာ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## ဝမ်းတွင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

ဝမ်းတွင်း ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းကို ဇန်နဝါရီ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့သည်။

ဝမ်းတွင်းမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေး၊ မီးသတိမူရေး စစ်ဆေးအကြံပြုခြင်းများနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံများကို မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ၌ အသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**



# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၅၀ တို့အား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၃ ဦး၊ ခွဲစိတ်ရောဂါ ၁၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၉ ဦး၊ ကလေးရောဂါ ၃၁ ဦး၊ အရိုးရောဂါ ၆၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၈၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာလထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၉၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာတစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက် ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။






၁။ ပေါင်၊ လည်ပင်းနဲ့ ရင်ဘတ်ထဲ စူးအောင့်လို့ လာပြတာပါ။ ဒီမှာတော်တော်ကောင်းတယ်ဆိုလို့ လာပြတာလည်းဖြစ်ပါတယ်။ ဘယ်လိုမျိုး ခံစားရတာလဲဆိုတော့ တစ်ခါတစ်ခါပူတယ်။ နောက်တော့လည်း ပျောက်သွားလိုက်ပေါ့။ ဘဲဥ၊ ကြက်ဥ ညှော်နံ့ခံလို့မရဘူး။ ဘဲဥ၊ ကြက်ဥ ညှော်နံ့ခံလိုက်တာနဲ့ တစ်ခါတည်း တင်းပြီး နာလာတာပဲ။ ကောင်းသွားတာ နှစ်နှစ်လောက်ရှိသွားတာကနေ အခုမှ ပြန်ဖြစ်လာတာကြောင့် လာပြတာပါ။

အခုလို တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့လာပြီး ကုသပေးတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။




၂။ ချောင်းဆိုးလို့လာပြတာပါ။ ချောင်းဆိုးတဲ့အခါ သလိပ်ထုတ်ဖို့ကို တအားဆိုးရတာ။ လည်ချောင်းတွေ ယားတယ်။ အဲဒါကြောင့် လာပြတာပါ။ အခုလို တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့တွေ လာရောက်ကုပေးတော့ ငွေကြေးခက်ခဲတဲ့ သူတွေအတွက် ပိုပြီးအဆင်ပြေတာပေါ့။ ဆေးရုံဆေးခန်း သွားပြဖို့ဆိုတာ ခက်ခဲတယ်လေ။ အခုလို လာရောက် ကုသပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

**သတင်းစဉ်**

## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ်(၁၉) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံးခန်း၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဇော်ဝင်းက ရွှေဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ ကောလာဟလများလွှင့်ထုတ်ခြင်း၊ Facebook ပေါ်တွင် အကြောင်းအမျိုးမျိုးဖြင့် ဈေးနှုန်းများဆွဲတင်ခြင်းမပြုလုပ်ရန်၊ ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီမှ နေ့စဉ်ထုတ်ပြန်သော ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းအတိုင်း ရောင်းဝယ်ကြရန်၊ ရွှေအလေးချိန်မှန်ကန်ရေးအတွက် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ဝန်ကြီးဌာနက ထုတ်ပြန်ထားသောရွှေတစ်ကျပ်သားလျှင် ၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်ကို အတည်ပြုထုတ်ပြန်ထားပြီးဖြစ်၍ လိုက်နာဆောင်ရွက်ကြရန်၊ လိုင်စင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ထုတ်ယူထားသောလျှောက်လွှာ စုစုပေါင်း



၁၂၁၅ စောင်ဖြစ်သော်လည်း ပြန်လည်တင်ထားသော လျှောက်လွှာမှာ ၃၂၆ စောင်သာဖြစ်၍ ကနဦးစိစစ်ရေးအဖွဲ့သို့ အမြန်ပြန်လည်တင်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သျှင်ဝင်းသျှင်**

## မြို့သစ်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်

**မြို့သစ် ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ယမန်နေ့တွင် ရပ်ကွက်အတွင်းရှိ လူနေအိမ်နှင့် စက်ရုံ/ အလုပ်ရုံများအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး အကြံပေးခြင်း၊ အရေးပေါ်မီးသတ်တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ မီးဖိုအသုံးပြုသည့် နေအိမ်များနှင့် အခြားမီးသုံးစွဲသည့် နေအိမ်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များအား စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုဇော် (ပြန်/ဆက်)**



## မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများပေးအပ်

**ဝမ်းတွင်း ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




ဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက အမှာစကားပြောကြားပြီး ရေဘေးသင့် ပြည်သူများအား ပစ္စည်းများ ပေးအပ်ခဲ့သည်။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား မိတ္ထီလာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဝင်းမင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက ရေဘေးသင့် ပြည်သူများအား ဆန်၊ အဝတ်အထည်၊ ရေသန့်ဘူးများနှင့် ရိက္ခာ၊ လူသုံးကုန်ပစ္စည်းများအား ပေးအပ်သည်။

**မြို့နယ် (ပြန်/ဆက်)**

## စက်သုံးဆီအရောင်းဆိုင်များ တာဝန်ရှိသူများစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ထုံးဘိုကျေးရွာရှိ အောင်သိဒ္ဓိစက်သုံးဆီအရောင်းဆိုင်အား သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရေစကြိုမြို့နယ် ဝန်ခုတ်ကျေးရွာ၌ မော်တော်ယာဉ် ကိုးစီးပေါ်မှ တရားမဝင် စက်သုံးဆီ ခါတ်ဆီ ၃၄ ပီပါ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇,၃၀၄,၀၀၀) နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Hiject မော်တော်ယာဉ် ကိုးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀,၀၀၀,၀၀၀) တို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် ခုနစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉,၂၀၀,၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မြို့သစ်မြို့နယ်၌ တရားမဝင်မီးသွေး (၂ ဒသမ ၂၂၂) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀,၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆,၅၆၄,၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၂ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈,၄၈၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈,၀၀၀,၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆,၄၈၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေး အဆန်ရထား ပါဆယ် (၁) ရထားတွဲပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုးနှင့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂,၂၈၉,၅၉၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇,၄၈၅,၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀,၀၀၀,၀၀၀) ကိုလည်းကောင်း၊ ရန်ကုန် - မန္တလေး အမြန်လမ်း တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆,၂၀၂,၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀,၀၀၀,၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅,၉၇၇,၅၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှု ဆိပ်ကမ်း၌ ကုန်သေတ္တာ (၈) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၇,၅၆၁,၁၉၆) ကိုလည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁,၅၅၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀,၀၀၀,၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၉,၁၁၁,၁၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၃) မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁,၂၃၈,၁၃၂,၇၈၆) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဇင်းကျိုက်ကုန်ထုတ်စခန်းမှ သစ်ခိုးထုတ်ပြီး အကျဉ်းသားများအား သစ်ခိုးထုတ်လုပ်ငန်းများတွင် ခိုင်းစေနေကြောင်း မဟုတ်မမှန်သတင်းရေးသားဖြန့်ဝေခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဇင်းကျိုက်ကုန်ထုတ်စခန်းမှ သစ်များခိုးထုတ်နေပြီး သစ်ခိုးထုတ်သည့် လုပ်ငန်းများတွင် အကျဉ်းသားများအား ခိုင်းစေနေကြောင်း ပေါင်မြို့နယ် အခြေစိုက် သစ်လုပ်ငန်းရှင်များနှင့် နီးစပ်သူများက ပြောဆိုသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဇင်းကျိုက်မြို့မှ ရွှေဒဂုံးဘုန်းကြီးကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် သစ်လာရောက်ပို့ဆောင်သောကားသည် ကျောင်းအဝင် မုခ်ပေါက်ဝနှင့် မလွတ်ဖြစ်နေပြီး သစ်တင်ဆောင်လာသောကားမှာလည်း ပြန်လွှတ်ရမည်ဖြစ်ကာ အနီးအနားနေရာ၌ သစ်ပုံရန်နေရာ ကျဉ်းမြောင်းသည့်အတွက် အကူအညီပေး၍ အကျဉ်းစခန်းဝင်းအတွင်း ခေတ္တခဏချထားခွင့်ပြုရန်နှင့် ရက်မကြာမီ ကားယယ်ဖြင့် ဘုန်းကြီးကျောင်းသို့ ပြန်လည်သယ်ဆောင်မည်ဖြစ်ကြောင်း ရွှေဒဂုံးကျောင်းဆရာတော်၏ မိန့်ကြားမှုအရ အကူအညီပေး ထားရှိခဲ့ခြင်းဖြစ်ကြောင်း။

ရွှေဒဂုံးကျောင်းဆရာတော်သည် ဇင်းကျိုက်မြို့ သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဖြစ်ပြီး ယခင်ကတည်းက ဒေသရပ်ရွာ ဆရာဒကာဘုန်းကြီးအနေဖြင့် ဆက်ဆံမှုရှိခဲ့ကာ ဆရာတော်နှင့် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် အခြားတစ်စုံတစ်ရာ ပတ်သက်ဆက်နွှယ်မှုမရှိဘဲ သဘောရိုးဖြင့် ကူညီထားရှိပေးခဲ့ခြင်းသာ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောင်းဆောက်လုပ်မည့် သစ်များကို ဇန်နဝါရီ ၁၉ ရက်က ရွှေဒဂုံး ဘုန်းကြီးကျောင်းသို့ ပြန်လည်သယ်ဆောင်ပြီးဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန်၊ အကျဉ်းဦးစီးဌာန၏ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

## ရွှေဘိုမြို့နယ် ကင်းဗျားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး ကျေးရွာစာသင်ကျောင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကင်းဗျားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး ကျေးရွာ စာသင်ကျောင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်နေထိုင်ပြီး အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိစေရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများနှင့် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်းမရှိဘဲ အကြမ်းဖက်သမားများကသာ ၎င်းအပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံတော်ကို အလုံးစုံပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်မှာ ပြည်သူများအသိပင်ဖြစ်ကြောင်း၊ အဆိုပါသတင်းသည် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများမှ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ကြံရေးသား ဖြန့်ဝေနေသည့် သတင်းအမှားသာဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## ဖယ်ခုံမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်



**ကလော ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်း လျှပ်စစ်မီးရရှိရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်၊ ခရိုင်စီမံအုပ်ချုပ်ရေး ဒုတိယညွှန်ကြားရေးမှူး ဦးသက်လွင်၊ ခေတ္တခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးငြိမ်းချမ်းနှင့် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်းတို့က ဖယ်ခုံမြို့ပေါ်၌ ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူများအား ပြန်လည်နေရာချထားနိုင်ရေး၊ ဌာနဆိုင်ရာရုံး ပြန်လည်ဖွင့်လှစ်ရန်အတွက် ဆောင်ရွက်နေကြသော ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ရုံးဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်ရေး၊ မြို့သန့်ရှင်းရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများအတွက် သောက်သုံးရေအမြန်ဆုံး ပြန်လည်ပေးဝေနိုင်ရေးနှင့် လျှပ်စစ်မီးအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ရှမ်းပြည်နယ်နေ့တွင် ပြန်လည်ရရှိရေး စီမံဆောင်ရွက်လျက်ရှိသည့် ဓာတ်အားလိုင်းသွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**တောင်ငူမြို့နယ်တရားရုံးတော်**

**၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၄၅ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁**

ဒေါ်ထားထားရီ နှင့် ၁။ နော်ဖောဝါး

၂။ နေဒိုစေး

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

တောင်ငူမြို့၊ (၂၃)ရပ်ကွက်၊ ကသဲစုရပ်နေ ၁။ တရားရှုံး နော်ဖောဝါး၊ ၂။ တရားရှုံး နေဒိုစေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် -၄၅ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ထားထားရီက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာမျိုးထွန်း)**

**တွဲဖက်မြို့နယ်တရားသူကြီး (၁)**

**တောင်ငူမြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်

လားရှိုးမြို့၊ ရပ်ကွက်(၇)နေ (ဘ) ဦးကျန်ကျူး ၏သမီး မရှောက်ဆန် (၁၃/လရန (နိုင်) ၀၅၆၅၃၂) ၏ နိုင်ငံကူး လက်မှတ်အမှတ် (MF-016124) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၄၂၈၇၆၆၆၁၈**

## အမည်ပြောင်း

ရွှေညောင်မြို့၊ အ.ထ.က(၂)၊ Grade-3 မှ မောင်ငြိမ်းနန္ဒစိုင်းအား ယနေ့မှစ၍ မောင်ကောင်းခန့်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းခန့်ကိုကို**

## ဦးဟန်လင်း(၁၂/သဃက(နိုင်)၀၁၂၃၈၄)နှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ အဝေးပြေးခရီးသည်တင်ယာဉ်ဝင်ရပ်နားစခန်း(သစ်တော) စီမံကိန်းရှိ (Unit-B) (၂)ထပ်၊ ဂိတ် တိုက်ခန်းအမှတ်(B-27) အား ငွေအိုးစည်-၁ (ကိုယ်စားပြုကိုယ်စားလှယ်) ဦးဟန်လင်း (၁၂/သဃက(နိုင်)၀၁၂၃၈၄) ထံမှ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်မြတ်နိုးဟန် (၁၃/မဆန(နိုင်)၀၃၂၂၂၅) အမည်ဖြင့် အခန်းအမည် ပေါက်စာအုပ်ပြုလုပ်မည်ဖြစ်ပါ၍ ဦးဟန်လင်းမှ ကန့်ကွက်ရန် ရှိ/မရှိကြောင်း ဒေါ်မြတ်နိုးဟန်သို့ အကြောင်းကြားဆက်သွယ်ပေးပါရန်နှင့် ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဒေါ်မြတ်နိုးဟန် အမည်ဖြင့် အခန်းအမည်ပေါက်စာအုပ်ပြုလုပ်မည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြတ်နိုးဟန် (၁၃/မဆန(နိုင်)၀၃၂၂၂၅)**

**၀၉-၄၄၆၃၃၇၁၂၇၊ ၀၉-၂၅၈၀၀၉၂၅၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၄၊ ဦးပိုင်အမှတ်၃၄(ခဲစင်း)၊ ၇၀(B)လမ်း၊ ၁၁၅x၁၁၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သိမ့်သိမ့်အောင်၏ (SP ရရှိသူ ဦးအောင်မိုးထွန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၆၇၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချောစုလှိုင် ၅/ကလထ(နိုင်) ၁၂၃၈၃၇၇က အမှုတွဲအမှတ် (၆၁၁၆/၂၀၂၄-၂၀၂၅) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၄၊ ဦးပိုင်အမှတ် ၃၄(ခဲစင်း) ၇၀(B)လမ်း၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သိမ့်သိမ့်အောင်၏ (SP ရရှိသူ ဦးအောင်မိုးထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၃၆၇၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ညိုလင်း ၅/ကလထ(နိုင်)၁၄၆၂၈၁က အမှုတွဲအမှတ် (၆၁၁၇/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ် ၆၀၁၊ ဦးပိုင်အမှတ်(၁၀၀)၊စာတိုက်တန်းလမ်း၊ဇွန်ပန်းလမ်းxရှေ့တော်ပြေးလမ်း ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွှန့်ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် (၈၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးမိုးနောင် ၁၀/ကထန (နိုင်) ၀၁၂၉၅၁က အမှုတွဲအမှတ်(၆၁၂၁/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်(၁၆-ခ/၂)၊ဦးပိုင်အမှတ်(၁၉/၂)၊ မြေဧရိယာ(၀.၁၁၃၃)ဧကရှိ မြေကွက်သည် မူလက ဦးအင်ခွမ်ပေါလုလဂျာအမည်ဖြင့်(၂၃-၄-၂၀၀၅) ရက်အထိ (၁၅)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ အဆိုပါဂရန်မြေကွက်၏ မူလမြေ ဧရိယာ (၀.၁၁၃၃)ဧကအနက်မှ အရှေ့ဘက်အခြမ်း ဧရိယာ (၀.၀၄၉၈)ဧကကို ဦးပိုင်ခွဲစိတ်၍ ဒေါ်မိုးမိုးထွေး ၁/မကန(နိုင်) ၀၁၃၅၁၀၊ ဦးဆန်နီထွေး ၁/မကန(နိုင်)၀၁၃၅၃၇၊ ဦးမျိုးမြင့်ထွေး ၁/မကန(နိုင်) ၀၀၀၇၆၆၊ဒေါ်မီမီထွေး ၁/မကန(နိုင်)၀၀၀၇၆၈၊ ဒေါ်နီနီထွေး ၁/မကန (နိုင်)၀၀၀၇၇၀(၅)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်မိုးမိုးထွေးပါ(၅)ဦးအမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေဂွမ်းထုပ်ရပ်ကွက်၊ အကွက်အမှတ် ၅၉၅-က၊ ဦးပိုင်အမှတ် (၁၁၉)၊ ရှေ့တော်ပြေးလမ်း၊ ဇွန်ပန်းလမ်းxစာတိုက်တန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွှန့်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၈၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နေနွယ်ဝင်း ၉/အမရ(နိုင်)၀၀၀၃၉၄က အမှုတွဲအမှတ် (၆၁၂၂/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၈၊ ဦးပိုင်အမှတ် ၁-ဃ/၇၆လမ်း၊ ၁x၂လမ်းကြားရှိ ဘိုးဘ မြေကွက်အမည်ပေါက်သူ ဦးစိန်မြတ်အောင် ၉/မနမ(နိုင်) ၀၉၀၀၀၀က ဘိုးဘ အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၈၊ ဦးပိုင်အမှတ် ၁၂-ဃ/၇၆လမ်း၊ ၁x၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်မြတ်အောင် ၉/မနမ(နိုင်)၀၉၀၀၀၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်အ-၁၀၊ဦးပိုင်အမှတ်၁/၆၂x၆၃ကြား၊ဇော်ဂျီxကုသိုလ်တော်လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်ခိုင် ၉/ခအဇ(နိုင်) ၀၀၆၉၆၂က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၂၅၃)၊ ဦးပိုင်အမှတ် (၁၅-ခ)၊ ၂၉x၃၀ ကြား၊ ၈၉လမ်းx မိချောင်းတံတားလမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဒေါ်သန်းတင်၊ ဒေါ်စန်းကြည်တို့ (၂)ဦးအနက် ဒေါ်သန်းတင်ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၄၀၄၈/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဒေါ်စန်းကြည် ၉/မနတ (နိုင်)၀၄၈၀၉၇က အမှုတွဲအမှတ် (၀၇၀၈/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်း/ အကွက် အမှတ်နှင့်အမည် (၄၃/၂၊ကနီကူးရပ်)၊ ဦးပိုင်အမှတ်(၂၇)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်သည် မူလက ဦးလှမောင် အမည်ဖြင့် (၃-၄-၂၀၁၆)ရက် အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးလှမောင်နှင့်ဇနီး ဒေါ်ခင်မာလွင်(၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ သား/သမီးများ ဖြစ်သည့် ဦးလွင်ဦး၊ ဒေါ်ခိုင်ဇာလွင်၊ ဦးမျိုးမင်းထွန်း၊ ဒေါ်ယဉ်သူဇာဖြူ၊ ဦးထွန်းထွန်း (၅)ဦးတို့က တရားဝင်စာချုပ်စာတမ်း မှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၅)ဦးတို့က(၆-၁၁-၂၀၂၄) ရက်စွဲပါစာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၄၉၉/၂၀၂၄)အရ မူလမြေဧရိယာ(၀.၁၁၀)ဧကအနက်မှ မြောက်ဘက်အခြမ်း ဧရိယာ(၀.၀၅၅)ဧကကို ဦးပိုင်ခွဲစိတ်၍ ဒေါ်ရွှယ်နန် ၁/မကန(နိုင်)၂၃၆၆၉၁ထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ယခုအခါ အဆိုပါမြေကွက်အား ဒေါ်ရွှယ်နန် အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည် ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထား မှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**

**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၁)၊ ဦးပိုင်အမှတ်(၅-ခ+၆)၊ ၇၉လမ်း၊ ၃၉x၄၀လမ်းကြားရှိ ဒေါ်ရီရီဝင်းအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၇၀၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဒီဇင်ဘာ၏(GP ရရှိသူ ဦးအောင်မြင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၀၇၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သင်းသင်းလှိုင် ၁၃/လရန(နိုင်)၁၁၂၃၀၃ က အမှုတွဲအမှတ် (၀၇၀၉/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် (ဆ.၇)၊ ဦးပိုင်အမှတ် (၁၁၆-ခဲစင်း)၊ ၇၁x၇၂ လမ်းကြား၊ ဒေလီယာလမ်းxခိုင်ရွှေဝါလမ်းကြားရှိ ဒု-အရာခံဗိုလ်ဖြူထွန်းဦး အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၅၂၀/၂၀၀၈)ဖြင့် အမွေဆက်ခံခဲ့သော သမီးဖြစ်သူ ဒေါ်တင်မာအေး ၉/မနမ(နိုင်)၀၀၂၈၉၉၏ (SP ရရှိသူ ဒေါ်ဝါဝါမြင့်)က အမှုတွဲအမှတ် (၆၁၁၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက် အမှတ် (စစ-၅)၊ ဦးပိုင်အမှတ် (၅၆)၊ ၅၅လမ်း၊ ၁၀၅x၁၀၆လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမြင့်အေး ကွယ်လွန်၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၀၆၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်တင်မြင့် ၉/မရမ(နိုင်) ၀၀၉၈၂၄က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၁၁၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၃၇)၊ ဦးပိုင်အမှတ် (၆၃)၊ ၅၂x၅၃ ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဦးလှသိန်း အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၅၀၈/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော (သား) ဦးကျော်ကျော်ခိုင်၊ ဦးအောင်အောင်ခိုင်၊ ဦးတင်ဦးခိုင်တို့ (၃)ဦးအနက် ဦးကျော်ကျော်ခိုင်၊ ဦးတင်ဦးခိုင်တို့ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၂၆၈၇/၂၀၂၂)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးအောင်အောင်ခိုင် ၉/မရမ(နိုင်)၀၀၁၇၄၀က အမှုတွဲအမှတ် (၆၁၁၈/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက် အမှတ် (၀-၂)၊ ဦးပိုင်အမှတ်(၁၉)၊ ၇၃x၇၄ကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သော ဒေါ်ညိုညိုဝင်း၊ ဒေါ်မြင့်မြင့်သိန်းထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၇၁၈/၂၀၀၀)ဖြင့် ဝယ်ယူခဲ့သော ဦးချစ်ဆွေ၊ (သမီး) မဣန္ဒာဆွေထံမှ ၊ (ဖခင်)ဦးချစ်ဆွေ ကွယ်လွန်အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၂၀၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော(သမီး) ဒေါ်ကလျာဆွေ ၉/မနတ(နိုင်)၀၀၇၂၅၈၊ ဦးထွန်းနန္ဒာဆွေ ၉/မနတ(နိုင်) ၀၀၇၃၈၀၊ ဒေါ်ဒန္တာဆွေ ၉/မနတ(နိုင်) ၀၉၇၂၈၄၊ ဒေါ်ဣန္ဒာဆွေ ၉/ခမစ(နိုင်) ၀၀၇၄၄၄ တို့က အမှုတွဲအမှတ် (၆၁၂၄/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်းရပ်ကွက်၊ မေတ္တာလမ်းနေ ကျွန်တော်မျိုးလင်း ဦး (ဘ) ဦးတင်မောင်လင်း ၉/ပမန(နိုင်) ၁၇၃၅၂၀၏ နိုင်ငံကူးလက်မှတ် (PS-395285မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါနံပါတ်သို့ အကြောင်းကြားပေးပါရန်

**ဖုန်း-၀၉-၂၆၁၆၁၄၁၄၂**

## အမှားပြင်ဆင်ခြင်း

၂၁-၁၂-၂၀၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၀)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာမှ ယာဉ်အမှတ် SHN/37320 ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်ဖြူဖြူနိုင် အစား ဒေါ်ဖြူဖြူနိုင် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် SHN/27726, Honda Click 125 ယာဉ်အမည်ပေါက်သူ ဒေါ်သွန်းနှင်းဆန်း (၁၃/တကန (နိုင်) ၃၁၃၂၈၅)က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**

**တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၉၅၃၁ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် MME-၆၅၄၄၉၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၈၂၅၉၇ ယာဉ်လက်ဝယ်ရှိသူ ဦးလှညွှန့် ၁၀/မလမ(နိုင်)၁၄၃၇၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၉၆၇၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးလှညွှန့် ၁၀/မလမ(နိုင်)၁၄၃၇၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## Passportပျောက်ဆုံးကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံလမ်းနေ (ဘ)ဦးစိန်ဝင်း၏သား သန်းထိုက်အောင် ၉/ခအဇ(နိုင်) ၀၄၁၆၄၁၏ နိုင်ငံကူးလက်မှတ်အမှတ် (MI –386081) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း– ၀၉–၉၇၈၅၈၄၅၉၆ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## Passportပျောက်ဆုံးကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံလမ်းနေ (ဘ)ဦးခွင်၏သမီး ခမ်းဝါ ၁/မမန(နိုင်)၀၀၀၂၉၇၏ နိုင်ငံကူး လက်မှတ်အမှတ် (MA–504124)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း–၀၉–၉၇၈၅၈၄၅၉၆ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဝဂ်ဘာကျေးရွာနေ ဦးဇော်မင်းထွန်း၏သား မင်းလွင်ကျောင်းကုန်း (အလက) Grade–4 မှ မောင်ကောင်းမြဇော်အား မောင်ဇော်သူဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဇော်သူ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/14163 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုးဦး ၇/ဝမန(နိုင်)၁၆၉၃၆၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/19521 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၇/ကဝန (နိုင်) ၁၅၂၆၀၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BGO/19521 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/41984 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်[၄(လင)/၂၀၂၄–၂၀၂၅ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်) တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း–တံတား တည်ဆောက် ရေးလုပ်ငန်းများအားဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူဆောင်ရွက်ခဲ့ရာတွင် လျှောက်လွှာဝယ်ယူမှုမရှိသည့်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ထပ်မံဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်–

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** – ၂၇–၁–၂၀၂၅ရက် (ရုံးချိန်အတွင်း)

(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက်** – ၃၁–၁–၂၀၂၅ရက် ညနေ ၄ နာရီထိ

(ဂ) **တင်ဒါအာမခံကြေး(POCheque)– မူရင်းများအားနောက်ဆုံးထား၍ တင်သွင်းရမည့်ရက်/အချိန်** ၃–၂–၂၀၂၅ရက် ညနေ ၄နာရီထိ

(ဃ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့်နေ့ရက်** – ထပ်မံကြေညာပါမည်။

(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေရာနှင့်နေ့ရက်** – ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း–၀၉–၈၈၆၈၂၇၇၉၇သို့ ဆက်သွယ်၍ လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## ပဲခူးခရိုင်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၂၁

ဦးအောင်ထွန်းဦး **နှင့်** လျှောက်ထားသူ

၁။ ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်(ပဲခူးဘဏ်) လျှောက်ထားခံရသူများ

၂။ ဦးမြင့်မောင်

၃။ ဦးခင်မောင်လေး

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ (၄) လွှာ၊ အမှတ်(၂၀၃)နေ ဦးမြင့်မောင်(ဘ)ဦးမောင်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် လျှောက်ထားသူ ဦးအောင်ထွန်းဦးက တရားမကျင့်ထုံးဥပဒေ အမိန့်–၂၁၊ နည်းဥပဒေ–၅၈ အရ စုံစမ်းစစ်ဆေးပေးပါရန် လျှောက်ထားခြင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက်(၁၃၈၆ခုနှစ်၊ တပို့တွဲလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ လျှောက်ထားစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် လျှောက်ထားသူက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နံ့သာနွေးနွေးဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ပဲခူးခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/8343 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်၊ သုမာလာ(၂)လမ်း၊ အမှတ်(၄၉၇)နေဦးကိုကိုအောင်(၁၂/ဥကမ(နိုင်) ၁၈၉၃၇၈)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြော်ငြာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊သုမ္မောလမ်း၊ အမှတ် (၃၈၉)၊ (၄–လွှာ)တွင် ဖွင့်လှစ်ထားသော First Step Ventures Myanmar Co,Ltd တွင် ကျွန်ုပ်မိတ်ဆွေဦးကိုကိုအောင်သည် ၂၀၂၄ခုနှစ်၊ (၈)လပိုင်းမှစ၍(၁၁)လပိုင်းအထိ ကုမ္ပဏီ၏အလုပ်အမှုဆောင်အရာရှိ(CEO)အဖြစ် အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ နောက်ပိုင်းတွင် ကျွန်ုပ်မိတ်ဆွေဦးကိုကိုအောင်သည် အလုပ်မှရပ်နားခဲ့ပြီး အလုပ်ရပ်နားခြင်းမပြုမီ First Step Ventures Myanmar Co.,Ltd ရှိ လုပ်ငန်းများနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် ငွေရေးကြေးရေးအပိုင်းများ အားလုံးကို ကုမ္ပဏီရှိတာဝန်ရှိသူထံသို့ စာရင်းရှင်းလင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ စာရင်းရှင်းလင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း (၂၃–၁၂–၂၀၂၄)ရက်စွဲပါ စာချုပ်ဖြင့် ကျွန်ုပ်မိတ်ဆွေဦးကိုကိုအောင်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူတို့ချုပ်ဆို၍ အတည်ပြုဆောင်ရွက်ထားပြီးလည်းဖြစ်ပါသည်။ သို့အတွက် First Step Ventures Myanmar Co.,Ltd နှင့် ကျွန်ုပ်မိတ်ဆွေဦးကိုကိုအောင်တို့အကြားပေးရန်၊ ရရန်တစ်စုံတစ်ရာ မရှိကြောင်းအပြင် အဆိုပါကုမ္ပဏီနှင့် ကျွန်ုပ်မိတ်ဆွေဦးကိုကိုအောင်တို့သည် ပတ်သက်ဆက်နွယ်မှုလုံးဝမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သို့အတွက် First Step Ventures Myanmar Co.,Ltd. နှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့် ကိစ္စအဝဝများအား ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုအောင်အနေဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကိုကိုအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန်းစန်းမော် တရားလွှတ်တော်ရှေ့နေ(စဉ်–၇၉၆၆)**
**ရုံးလိပ်စာ – အမှတ် (က/၇၂၁)၊(မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့)၊**
**ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊**
ဖုန်း – ၀၉–၂၅၄၄၉၁၂၄၈၊ ၀၉–၉၇၂၇၇၀၉၀၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့/မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဈေးရုံများ၊ မုခ်ဦးတည် ဆောက်ခြင်းနှင့် ဆိုလာစနစ်ဖြင့် လမ်းမီးများတပ်ဆင်ခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါ သည်။

(က) **လျှောက်လွှာရောင်းချမည့်ရက်** – (၂၄–၁–၂၀၂၅)ရက်မှ (၆–၂–၂၀၂၅)ရက်ထိ (ရုံးချိန်အတွင်း)

(ခ) **PO တင်သွင်းရမည့်ရက်** – (၆–၂–၂၀၂၅)ရက်(ရုံးချိန်အတွင်း)

(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** – ထပ်မံကြေညာပါမည်။

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** – စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ မုံရွာမြို့

